

ဝန်ရင်း
Read on the move
လရိပ်တစ္ဆေနှင့်
မဂ္ဂဇင်း ဝတ္ထုတိုများ
မောင်ကျော်သာ (ပဲခူး)

# မောင်ကျော်သာ၊ပဲခူးရဲ့ လရိပ်တစ္ဆေ

လွန်ခဲ့တဲ့ ဆယ်နှစ် ခန့်ကပေါ့ ...။

ကျွန်တော် အနေနဲ့ အယ်ဒီတော့ စားပွဲမှာ ထိုင်ခဲ့ရတာ ကြာတော့၊ ကလောင်သစ်တွေ နဲ့ တွေ့ကြုံဆုံဖို့ အလိုလို အခွင့်အရေး ရနေခဲ့ပါတယ်။ ကလောင်သစ်တွေ အများ ကြီးထဲကနေ မောင်ကျော်သာ (ပဲခူး) ရဲ့ စာမူ လေး တစ်ပုဒ်ကို ဖတ်ဖို့ ကြုံလာတယ်။

ဒါပေမယ့် ကလောင်နာမည် ကို ကြည့်ပြီး ဘဝင်မကျ ဖြစ်နေခဲ့တာနဲ့ မဖတ် ဖြစ်သေးဘဲ ဒီအတိုင်း ထား လိုက်တယ်။

ကလောင်သစ်တို့ရဲ့ ထုံးစံအတိုင်း စာမူပို့ထားပြီး မကြာမကြာ လာလာမေးတတ်ကြတယ်။ မောင်ကျော်သာ (ပဲခူး) ကလည်း သူရဲ့ စာမူလေးနဲ့ ပတ်သက်ပြီး လာမေးခဲ့တယ်။ ကလောင်နာမည် နဲ့ ပတ်သက်ပြီး ဆွေးနွေးတော့ သူ့ဝါသနာအရ ရေး တာပါ။ ပြီးတော့ ကလောင်နာမည် နောက်က (ပဲခူး) ဆိုတာ ထည့်ထားပါတယ်လို့ ပြောပြီး သူ့ဝတ္ထုတိုလေး ရွေးမရွေး မေးလာပါတယ်။

ကျွန်တော် ကဖတ်ကို မဖတ်ရသေးကြောင်း ပြောပြပြီး နောက်တစ်ကြိမ်လာစုံစမ်းဖို့ ပြောတဲ့အခါ သူနှုတ် ဆက်ပြီး ပြန် သွားပါတယ်။

အယ်ဒီတာဘဝရဲ့ သမိုင်းပေးတာဝန်အရ ဖတ်ကြည့်ရတော့တာပေါ့။ ဖတ်ကြည့်ပြီးတော့ အယ်ဒီတာ အမြင်နဲ့ ဝတ္ထုတိုကောင်း တစ်ပုဒ်အ ဖြစ် သတ်မှတ်ကာ ရွေးချယ်ထား လိုက်ပါတယ်။

အလှည့်ကျတော့ သူ့ဝတ္ထုလေးကို မဂ္ဂဇင်းမှာ အသုံးပြုပေးလိုက်တယ်။ မောင်ကျော်သာ (ပဲခူး) ရဲ့ "သဲမိုလ်အိမ်" ဆိုတဲ့ ဝတ္ထုလေးပါပဲ။ နောက်တော့ မကြာမကြာ သူ့ဝတ္ထုတွေ လာလာပို့ပါတယ်။ ရွေးတာလဲရှိလဲရှိ၊ ပယ်တာလဲရှိပေါ့လေ။

ခုသူရဲ့ မဂ္ဂဇင်း စာမျက်နှာများ ပေါ်မှာ ပါခဲ့တဲ့ ဝတ္ထုတိုတွေ နဲ့ အသစ်စာမူတွေ ပါ

စုပေါင်းပြီး လရိပ်ရွှေဆိုတဲ့ ဝတ္ထုတွေ ကို လေ့လာပြီး အမှာ စာရေး ပေးပါလို့ ပြောလာပါတယ်။

သူရဲ့ လရိပ်တရွှေဟာ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်တဲ့ ကျွန်တော့်ကို ပြုံး ပြုံး လေးနဲ့ “ချောက်” ပြနေပါတယ်။ စာဖတ်သူတွေ ကလည်း သူ့ရဲ့ အေးမြစွာ ချောက်လှန့်ပြတဲ့ ဝတ္ထု တိုလေးတွေ ကို ဖတ်ကြည့်စေချင်တယ်။

သူဘယ်သူတွေ ဘက်က ကိုယ်စားပြုပြီး “လရိပ်တရွှေ” ကို မွေးမြူ လိုက်သလဲဆိုတာတော့ ကိုယ်တိုင် ကိုယ်ကျ ခံစားထိတွေ ့ပြီး အဖြေရှာ ကြည့်ကြပါလို့။

စာပေသစ္စာရှိသော

(မောင်ရွှေစွန်)

♥ ♥ ♥

# ပန်းပွင့်နံ့ရုံ

တစ်ခါတစ်ရံတော့ အနုပညာသမားများ ကို ပန်းပွင့်များ ဟု ကျွန်တော် မြင်မိသည်။ အဘယ့်ကြောင့် ဆိုသော ၄င်းတို့သည် ပန်းပွင့်များ လို နုညံ့သိမ်မွေ့ပြီး ထိလွယ်ခိုက်လွယ် ရှလွယ်သော ကြောင့် ဖြစ်သည်။ ပတ်ဝန်းကျင်မှ ရိုက်ခတ်လာမှု မှန်သမျှကို ထိခိုက်ခံစားလွယ်သော (သို့တည်းမဟုတ်) ထိခိုက်ခံစားနိုင်သော ကြောင့် ပင် ဖြစ်သည်။

သို့သော် ၄င်းတို့သည် တစ်ချိန်တည်းမှာ ပင်၊ အလွန်ကြီးမားသော ကျောက်သားနံရံကြီးများ ဖြစ်၍ နေပြန်သည်။ ၄င်းတို့သည် ခေါင်းမာခြင်း၊ ယုံကြည်မှု ရှိခြင်း၊ မာနကြီးခြင်း၊ ဒေါသကြီးခြင်းများ ပါ ပြည့်နှက် နေသော ကြောင့် ဖြစ်သည်။

သည်နေရာမှာ တောင်တန်းသာသနာပြုဆရာတော် ကြီး ဦးဥတ္တမသာရ၏ "ကျုပ်တို့ကစာရေး သူတွေ ဆိုတော့ ဒေါသက ကြီးတယ်ဗျ" ဆိုသည့် စကားကို သတိရနေမိသည်။ သို့သော် ဆရာတော် ကြီးသည် တစ်ချိန် တည်းမှာ ပင် မေတ္တာရှင်ကြီး ဖြစ်၍ နေပြန်သည်။

ထို့ကြောင့် ပင် အနုပညာသည်တို့သည် ပန်းပွင့်များ လို သိမ်မွေ့ပြီးနံရံများ လို မာကြောနေသည် ဟုထင်ပါသည်။ ထိုပန်းပွင့်နံရံများ သည် ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော အသံများ ကို ပဲ့တင်ထပ်၍ ခံစားတုံ့ပြန်တတ်ပြန်ပါသည်။ အသံတို့သည် တိုးလျှင်တိုးသလို၊ ကျယ်လျှင်ကျယ်သလို၊ ကောင်းလျှင်ကောင်း သလို၊ ညံ့လျှင် ညံ့သလို၊ နံရံများ မှ ပဲ့တင်သံများ ပြန့်လွင့်လျက်ရှိသည်။

ထိုပဲ့တင်သံများ ကို ဝတ္ထုများ ဟုဆိုတာ ထိုဝတ္ထုများ ၌ နူးညံ့သိမ်မွေ့သော မေတ္တာများ ၊ ပေါက်ကွဲ လွင့်စင်သော ဒေါသများ ၊ ထိခိုက်ရှနာသော ဒါဏ်ရာအနာတရများ ၊ စသည်တို့ဖြင့် ပေကျံစွန်းထင်း၍ နေပေမည် ။ ကျွန်တော် သည် တစ်ခါတစ်ရံ ဝတ္ထုတိုများ ကို ရေး ဖြစ်ပါသည်။ ထိုဝတ္ထုများ သည် ကျွန်တော့်ပန်းပွင့်နံရံကို လာမှန်သော ပတ်ဝန်းကျင်မှ အသံများ ကို ပဲ့တင်ပြန်ခဲ့သော သံစဉ်တစ်ခု ဖြစ်ပေသည်။

သို့သော် ထိုပဲ့တင်ပြန်ခဲ့သော သံစဉ်များ သည် ကျွန်တော့် ပန်းပွင့်နံရံ၏

ကိုယ်ခံအားကောင်းခြင်း၊ မကောင်းခြင်းပေါ်မူတည်ပြီး တချို့ကပျော့၍၊ တချို့ကမာ၍၊ တချို့ကလေး၍၊ တချို့ကပေါ့၍၊ တချို့ကချို၍၊ တချို့ကခါး၍၊ အရသာအမျိုးမျိုး ဖြစ်၍ နေနိုင်ပါသည်။

ဘာပဲ ဖြစ် ဖြစ် ညံ့ခြင်း၊ မညံ့ခြင်း၊ ကောင်းခြင်း၊ မကောင်းခြင်းသည် ကျွန်တော်၏ ကိုယ်စွမ်းကိုယ်စနည်းခြင်း၊ မနည်းခြင်း ပေါ်မှာ သာမူတည်ပြီး ကျွန်တော့်မှာ သာ တာဝန်ရှိကြောင်းကိုမူ .....။

မောင်ကျော်သာ (ပဲခူး)

♥ ♥ ♥

# အမည်းရောင် တိုက်ပုံတစ်ထည်

အမေ့ကို၊ ဘယ်လိုကယ်တင်ရမလဲဆိုတာ၊ သူတွေးခဲ့သည်မှာ ကြာပြီ။ အမေ တစ်ယောက် တည်းက၊ အမေ့အလုပ်ကို ရပ်ခိုင်းပြီး၊ သူကတင်ကျွေးထားလိုက်ရုံသာရှိသည်။

ဒါပေသည့် အမေ့မှာ ၊ သားတွေ သမီးတွေ သမတ်တွေ ၊ ချွေးမတွေ ၊ မြေးတွေ နှင့် ဆိုတော့ ....။ ဘာပဲ ဖြစ် ဖြစ် ဒီတာဝန်တွေ ကို အမေ့လိုပညာမတတ်၊ ဘွဲ့မရ ခွန်အားမရှိလှတဲ့၊ ခပ်ပိန်ပိန် ခပ်သေးသေး၊ မိန်းမ တစ်ယောက် ကတောင်၊ ဘဝတစ်ခုလုံးနှင့် ရင်းပြီး၊ အနစ်နာခံ ရုန်းကန်လာခဲ့သေးတာ၊ သူလိုပညာတတ် ဘွဲ့ရ၊ ဂုဏ်သရေရှိ အမည်းရောင် တိုက်ပုံတစ်ထည်က ဘာကြောင့် မစွမ်းဆောင်နိုင်ရမှာ ပါလဲ။

သည်အတွေးတွေ ကို တွေးမိတိုင်း၊ အဖြေကရှင်းရှင်းလေးသာ ထွက်လာခဲ့သည်။ ရှေ့နေအလုပ်နှင့် ရသည့် ငွေက သည်တာဝန်ပုံကြီးကို လုံအောင်ဖြုံ မပေးနိုင်သော ကြောင့် ပင် ဖြစ်သည်။ သို့ တည်းမဟုတ် သည်အလုပ်က လွဲပြီး သူဘာအလုပ်မှ မလုပ်တတ်သော ကြောင့် လည်း ဖြစ်နိုင်သည်။

ပြီးတော့ သည်အမည်းရောင် တိုက်ပုံအလုပ်ကို သူစိတ်ကုန်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ အမည်းရောင် တိုက်ပုံ အလုပ်နှင့် ရသော ငွေများ ဟာ အခါအားလျော်စွာ မသန့်ရှင်းနိုင်သော ငွေများ ဟု ခံစားလာရသည့် အချိန်ကတည်းကပင် ဒီအလုပ်ကိုစိတ်ကုန်ခဲ့ခြင်း ဖြစ်မည် ။

အလုပ်သဘောအရ အမှု သည်ကအလုပ်ရှင် ဖြစ်ပြီး၊ မိမိ ကတော့အလုပ်သမား ဖြစ်လာရသည်။ ထိုအခါ အလုပ်သမားပီပီ၊ မိမိလုပ်အားခနှင့် တန်အောင်တော့ အလုပ်ရှင်ကိုပေးရ၊ အလုပ်ရှင်ဘက်မှ ရပ်တည်ပေး ရပြန်သည်။ တစ်ခါတစ်ခါတော့လည်း ငွေအင်အား မတတ်နိုင်သူတွေ ကို အလကားလုပ်ပေးချင်ပေမယ့် သွားစရိတ် လာစရိတ်၊ စားစရိတ်၊ သောက်စရိတ်များ နှင့် အလကားတော့လုပ်မပေးနိုင်။

တစ်ခါတစ်ခါတော့လည်း မိမိအမှု သည်ဘက်ကရှုံးမည် မှန်းသိသော် လည်း

ရစရာရှိသည့်ငွေကိုတော့ ရအောင်ယူလိုက်ပြန်သည်။သည့်လူများ ကိုတော့လမ်းမှာ တွေ့လျှင်ပင်မမြင်ချင်ယောင်ဆောင်ရပြန်၏ ။တစ်ခါတစ်ခါတော့် လည်း မိမိအမှား ကြောင့် ပင် တရားခံများ ကလွတ်ထွက်သွားကြ၊ အပြစ်မရှိသူများ က အပြစ်ဒဏ် ခံကြရသည်နှင့် ရင်ဆိုင်ရသည့်အခါမှာ တော့၊ ဘုရားစင်ရှေ့ကို ဖြတ်လျှောက်ရမည် ကိုပင် လိပ်ပြာမသန့်အောင် ဖြစ်ရပြန်၏ ။

တစ်ချိန်က လူငယ်ပီပီစိတ်ကူးယဥ်ခဲ့သော အမှန်တရားဘက်က ရပ်တည်ဖို့ဆိုသည့် အိပ်မက်များ လည်း အမည်းရောင် တိုက်ပုံအောက်မှာ လွင့်စင်ပျောက်ရှခဲ့သည်မှာ ကြာပါပြီ။

တကယ်တော့ အမည်းရောင် တိုက်ပုံကြီး ဝတ်မိခဲ့ခြင်းသည်ပင်မိမိအမှား ဖြစ်မည် ။ ဒီနေရာမှာ အမည်းရောင် တိုက်ပုံတစ်ထည်သာဆိုလျှင် မည် မျှကောင်းလိုက်မှာ ပါလဲ။ သို့ သော် ဒီအလုပ်ကိုကပင် တစ်ခါတစ်ရံ ချွတ်မရသည့် အမည်းစက်တွေ စွန်ထင်းလေကျံတတ်သည်မို့ ထာဝရဒဏ်ခတ်သည့်အနေနှင့် အမည်းရောင် အဝတ်ကိုသာ ဝတ်ဆင်ခွင့်ရခဲ့ခြင်းဆိုလျှင်တော့ ….။

♥ ♥ ♥

မှော ်မည်းပျော့အိ ည၏ ရင်ခွင်သို့ ရထားတစ်စင်းက အရှိန်ပြင်းစွာ ထိုးဖောက်ဝင်ရောက်ခဲ့ပါသည်။ ထို ရထား ၏ အပေါက်နားကပ်လျှက်ထိုင်ခုံတစ်ခုမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်ရင်း၊ ပေါက်ကွဲ ကြေမွစွာ သူလိုက်ပါ လာခဲ့သည်။

နေ့လည်က သူရင်ဆိုင်လာရသော ပြဿ နာတွေ (တကယ်တော့ သူ့အလုပ်တွေ ) အကြောင်းကို စဥ်းစားမိလေ၊ အမေ့အကြောင်းတွေ ကခေါင်းထဲဝင်လာလေ ဖြစ်သည်။

“ကဲဦးသက်ဝေ ခင်ဗျားမေးစရာရှိသေးသလား၊ မေးစရာရှိရင်ဆက်မေး၊

မေးစရာမရှိရင်လဲထိုင်တော့လေ ဗျာ” ဆိုသည့်တရားသူကြီးစကားတွေ က ယခုတိုင်အောင်၊ သူ့နားထဲသို့ ထပ်ခါထပ်ခါ ဝင်လျှက်ရှိသေးသည်။

“မောင်မြင်မောင်ဟာ ယခင်ကထဲက သေဆုံးသူကို လုအောင်ကို သိတယ်မဟုတ်လား”

“ဟုတ်ကဲ့ သေဆုံးသူကိုသိပါတယ်”

“ဘယ်လိုသိတယ်ဆိုတာ ပြောပြနိုင်မလား”

“ ကျွန်တော် တို့နဲ့ တစ်ရပ်တည်းသားတွေ ပါ ပြီးတော့ အမေ့ဆိုင်မှာ အရက်သောက်နေကျပါ”

ဆက်မေးရမည့် မေးခွန်းများ ကို မေးသင့်မမေးသင့် စဉ်းစားနေပြီးမှ ကြိုး စားအားယူကာမေးလိုက်သည်။ သို့ သော် စကားများ မှာ အရင်ကတွေ လို ရဲရဲဝံ့ဝံ့မဟုတ်ဘဲ လည်ချောင်းထဲ၌ တစ်ဆို့ ပို့ နင်ခါသွေးများ အံချနေရသလို အထစ်ထစ်အငေါ့ငေါ့ထွက်လာကြသည်။

“ဒီလူဟာ အရက်လာသောက်တိုင်း ဆိုင်မှာ ပြဿနာလုပ်လွန်းလို့ ပြီးတော့ အမေ့ကိုစော်ကားတတ်လို့၊ ဒါမှမဟုတ်လဲ၊ သူလာသောက်တိုင်း စကားများ ရန် ဖြစ်ရလို့ ဒီတစ်ခါဆိုရင်တော့ ဓါးနဲ့အခုတ်ပဲဆိုပြီးယခင်ကထဲက ဓါးကလဲသေသေချာချာသွေးထားတာ၊ ဆိုရင် မောင်မြင့်မောင် ဝန်ခံမလား”

“ကျွန်တော် ဒီသဘောမျိုး နဲ့ ဓါးကိုင်ဆောင်တာမဟုတ်ဘူး ပြီးတော့ ဓါးဆိုတာကလဲ မိမိရဲ့ အသက်စည်းစိမ် ကိုထိပါးလာရင် ကာကွယ်ဖို့ပဲဗျ၊ ဒီလူကိုဒီလိုလုပ်ဖို့ရယ်လို့လဲမဟုတ်ပါဘူး၊ အဲဒီ ညကလဲ ဒီလူအမေ့ကို ပြဿနာ ရှာနေလို့ ကျွန်တော် ဝင်ပြောရင်း ရန် ဖြစ်ရာက ...”

တရားခံမောင်မြင့်မောင်၏ စကားများ က သူ့နားများ အား ပြင်းထန်စွာ ရိုက်ခတ်ခါ အဝေးဆီသို့ ပဲ့တင်ထပ် သွားကြသည်။ ဒီအမှု ကို စစ်ဆေးနေသည်မှာ နှစ်

ကြိမ်သာရှိသေးသည်။ ဘာကြောင့် ဒီအမှု ကို လက်ခံမိသလဲ ဆိုတာ၊ သူတွေ းမရအောင်ရှိခဲ့သည်။

ဒီအမှု အတွက် ပိုက်ဆံရလိုမှု တစ်ခုကိုသာကြည့်ပြီး၊ သူလက်ခံခဲ့သည်ကပင် မှားခဲ့ခြင်း ဖြစ်မည် ထင်သည်။ တစ်ဘက်ကသေဆုံးသူများ ၏ လက်စားချေလိုမှု တစ်ဘက်ကအမေ့ကိုကာကွယ်ရာမှ လက်လွန်ခဲ့သည့် လူငယ် တစ်ယောက် ၏ မတော်တဆမှား ယွင်းမှု ၊ ဘာပဲ ဖြစ် ဖြစ်တရားဥပဒေဆိုတာက မတော် တဆမို့၊ တမင်တကာမို့ဆိုသည်မရှိနိုင်။

အမှု သွားအမှု လာအရ၊ အမှု ပေါ့ဖို့သာရှိသော်လည်း၊ အမှု မှန်ပါကလုံးဝအပြစ်ပေး၍ မ ဖြစ်။ သို့ သော် ပေါ့သော အမှု ကို သိလျှက်နှင့် လေးလာအောင် ဖန်တီးမည် ဆိုလျှင်တော့ ...။

♥ ♥ ♥

"ကိုသက်ဝေ ခင်ဗျားမေးဖို့ရှိသေးလား၊ မေးစရာရှိရင်ဆက်မေးပြီး မေးစရာမရှိရင် ထိုင်တော့လေဗျာ" ဆိုသည့်ရှေ့သူကြီး၏ စကားကြောင့် အတွေး လွန်စွာဆွဲ့အသေဆုံးခဲ့သော သူ့အ ဖြစ်ကိုသတိရလာခဲ့သည်။

တရားလိုများ ဘက်သို့ ကြည့်လိုက်သော အခါ သူဘာဆက်မေးမည် ကို မျှော်လင့်တကြီးနှင့် လှမ်းကြည့်နေ ကြသည်။ တရားခံများ ဘက်သို့ လှမ်းကြည့်သည့်အခါမှာတော့ ရွံရှာစက်ဆုပ်သော အကြည့်များ ဖြင့် သူ့ကိုပစ်ပေါက် ခါ ......။

သူတို့ရဲ့ မျက်လုံးတွေ ထဲမှာ သူဟာလူ တစ်ယောက် ကို ဒုက္ခပိုရောက်အောင်ဆွဲချလိုသည့်လူ။ ပိုက်ဆံရလိုမှု ဖြင့် လိမ်စားနေသည့်လူ၊ မိန်းမပျက် တစ်ယောက် လောက်ပင် တန်ဖိုးမရှိသည့် လူ၊ စသည့်စွဲချက်များ ဖြင့် ပြည့်နှက် နေသည်။

အမှု သွားအမှု လာကို သဘောပေါက်နေသော တရားသူကြီးများ ကလည်း သူ၏

တစ်ဘက်သတ်ဆန်သော အမေးများ ကို မနှစ် မြို့ ဟန်ရှိနေသည်။ အားလုံးရဲ့ မျက်လုံးတွေ ထဲမှာ သူဟာခွေးရူးတစ်ကောင်လို၊ ဒါမှမဟုတ်လဲ ကူးစက် ရောဂါ သည် တစ်ယောက် လို၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် သတ္တဝါ တစ်ကောင် ဖြစ်၍ နေသည်။

မြင့်မောင်ဆိုသော လူငယ်နှင့် သာ၊ အမှန်တရားအတွက်ကြိုး ဝိုင်းပေါ်တက်ပြီး ယှဉ်ပြိုင်ရမည် ဆိုလျှင်တော့ အခုချိန်ဆိုသူ့မျက်နှာမှာ လက်သီးမိုးပေါင်းများ စွာ ကျရောက်ပြီး၊ ဖူးယောင်ညိုမည် း စွဲလောက်နေပြီ။ သို့ သော် သူသည် တရားဥပဒေအတွင် း မေးပိုင်ခွင့်၊ ပြောပိုင်ခွင့်ရှိသော လူ တစ်ယောက် ဖြစ်နေသည့်အလျှောက်...။

လက မဲ့သည့်အတွက် ညက ပို၍ မှော င်နေသည်။ တိတ်တစ်ဆိတ်မှော င်မည် းနေသော ည၏ ဝန်းကျင်မှာ ရထားခုတ်သံကသာစီးချက်ကျကျငိုက်မြည် းနေခဲ့၏ ။

ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်းမနေ့ညက အ ဖြစ်တွေ သူ့ခေါင်းထဲသို့ ဝင်လာပြန်သည်။ လေထဲ မြောက်သွားသော သူ့လက်ထဲမှ ခါတ်မီးတစ်လက်ဟာ သူ့ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးမည့် အ ဖြစ်က သီသီလေးလွတ်ခဲ့ပုံကို စဉ်းစားရင်းအမေ့အတွက် သူရင်နာနေမိသည်။

အမေ့ဘဝတစ်သက်လုံး ပျော်ရွှင်စရာမရှိသော ဘဝ ဖြစ်သည်။ သူ လူမှန်းသိစအရွယ်ကတည်းက အမေနှင့် အဖေ ရန်ခဏခဏ ဖြစ်ကာ အမေငိုကာ၊ ညီတွေ ညီမတွေ ကြောက်လန့်တကြား ငိုကြကာ၊ သူမြင်နေကျ။ ပိုက်ဆံလေးချောင်လည်တော့ အဖေကလည်းယောကျာ်းကောင်း မောင်းမတစ်ထောင် ဖြစ်ချင်ခဲ့သည်။ ဒီကိစ္စနှင့် ပင် အဖေနှင့် အမေ မကြာခဏစကားများ ကြသည်။

အရက်ကလေးထွေလာသည့်အခါ အဖေကအမေကိုရိုက်၊ အမေကအဖေ့ကိုဆဲနှင့် ငရဲကျသော ရက်များ စွာ ကို ကျော်ဖြတ်ရင်း၊ အမေ့ဘဝကိုခါးသီးပုံကို ပွဲကြည့်ပရိတ်သတ်လို ကြည့်ရင်း သို့ တည်းမဟုတ် မိမိကိုယ်တိုင် ဇာတ်ခုံပေါ်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ရင်းမျက်ရည်ကျခဲ့ရသော ရက်များ စွာ ကို မှတ်မိနေသည်။

အမေဟာ ဘဝဝတ်ကြွေးကို ပေးဆပ်ရင်း၊ အဖေရဲ့ အနိုင်ကျင့်မှု အောက်မှာ

မိမိတို့ကို တစ်ယောက် ပြီး တစ်ယောက် မွေးထုတ်ခဲ့သည်။ ပြီးတော့ အရွယ်ကောင်းတုန်း အဖေဆုံးသည့်အခါ အဖေ့ရဲ့ လက်ငုတ်လက်ရင်း လိုင်စင်ရ အရက်ဆိုင်လေးမှာ မိန်းမတန်မဲ့ ဆက်လက်အမွေခံခဲ့ရပြန်သည်။

အဲဒီ အထဲမှာ မိမိ တစ်ယောက် သာ ဘွဲ့ရပညာတတ် ဖြစ်ခဲ့ပေမယ့် ကျန်ညီငယ် ညီမငယ်တွေ ကတော့ ဘဝတွေ ဖယိုဖရဲနှင့် ၊ ပွန်းပဲ့ရှတဒဏ်ရာအနာတရ ဖြစ်ကာ အမေ့အရိပ်မှာ မှီခိုလို့ကောင်းဆဲ။ ဒါကြောင့် မို့လည်း မြေးတွေ ၊ မြစ်တွေ ၊ ချွေးမတွေ နှင့် ဒုက္ခတောမှာ လောင်မြိုက်ပူကျက် လူးလွန့်ရုန်းကန်ခါ .....။

သည်လိုသာ အမေ့ဒုက္ခတွေ ကို ဝိုင်းဝန်းဖြေရှင်းဖို့ မတတ်နိုင်ခဲ့ဘူးဆိုလျှင် ဒီပညာတွေ အစကတည်းက မသင်ခဲ့ပါဘူး။ အခုတော့ အမေ့ဒေ့ခန်းမှာ ကြွားဝါနိုင်ဖို့ ဓါတ်ပုံတစ်ပုံလောက်ရယုံကြလွဲပြီး၊ အမေ့ဒုက္ခတွေ ကို ခါးစည်းမခံနိုင်မှတော့ .....။

ညကအ ဖြစ်တွေ ကို တွေ းမိတိုင်းဒီအ ဖြစ်ရဲ့ အရှိန်အဟုန်ဟာကြာမြင့်စွာ ကတည်းက စီးဆင်း လာခဲ့ကြောင်း သူသိနေသည်။
တစ်သက်လုံးအိပ်ချိန်ကောင်းကောင်းမရှိဘဲ၊ “အဒေါ်ထပါဦး၊ အမေထပါဦး”
ဆိုသည့်ညကြီးအချိန် မတော် လာနိုးတတ်သော အရက်သမားများ ၏ ရောဂါ ကို
ဖြည့်ဆည်းရင်း မိမိရင်သွေးတွေ စားဖို့ နိုးကြားလာသည့် အမေ့အ ဖြစ်ကို သူရင်နာမိသည်။

ငယ်ငယ်ကလို မဟုတ်တော့သည့် မိမိလိုပညာတတ်၊ အမည် းရောင် တိုက်ပုံတစ်ထည်အနေနှင့် အမေ့နေရာ မှာ ဝင်ပြီး ဒီကောင်တွေ ကို အရက်ငှဲ့ပေးရမည့် အ ဖြစ်ကလည်း ဂုဏ်သိက္ခာဆိုသည့် စည်းတစ်ခုက ခြားထားခဲ့ပြီ။ ပြီးတော့ သူက အိမ်ထောင်ခွဲ တစ်ယောက် ဖြစ်နေပြီ။ အလုပ်ပြန်၍ အချိန်တန်သည့်အခါ ကိုယ့်သားကိုယ့်သမီးနှင့် ကိုယ့်ဇနီးနားမှာ အချိန်ပေးရတော့သည်။

ဒီအ ဖြစ်တွေ ဟာ မိမိရင်ထဲမှာ ကင်ဆာ ရောဂါ လို
အမြစ်တွယ်ကြီးထွားလာခဲ့သည်လား။ ဒါမှမဟုတ် ပိုးကိုက် သစ်ပင်တစ်ပင်လို
တရိရိဆွေးမြေ့ကျေမွလာရသည်လား မသိပေမယ့် နောက်ဆုံးလေပြင်းတစ်ချက်

တိုက်လိုက်ချိန်မှာ တော့ ဒီပိုးကိုက်သစ်ပင်ဟာ ဝုန်းကနဲ ဘုံးဘုံးလဲရတော့သည်။

ညက ဆယ်တစ်နာရီအထိ ကြည်ငြိမ်းတို့ အမေ့ဆိုင်မှာ ရစ်နေကြသည်။ အရက်သောက်ပြီးလျှင် ဒီကောင်က အပ်ကြောင်းထပ်တတ်သည်။ ပြီးတော့ ဒီကောင်လာလျှင်ပြဿ နာ ဖြစ်တာများ သည်။ အမေက ဆိုင်ပိတ်ပြီပြန်တော့ဟု ဆိုသည့်တိုင် မပြန်ဘဲ အမေ့ကို ရစ်နေသည်။ ဒါတွေ ကိုအိပ်ရာထဲကကြားနေပေမယ့် ဒီအလုပ်ဟာ တစ်သက်လုံးဒီလိုခံရတာ ပဲဟု ဖြေကာ၊ မသိချင်ရောင် ဆောင်နေခဲ့သည်။ ဒါပေသည့်ဒီကောင်က ပိုဆိုးလာသည်။ နောက်ဆုံးပုလင်းတွေ ရိုက်ခွဲသည့် အသံကြားသည့်အခါမှာ တော့ သူအိပ်ရာထဲမှ ထထိုင်လိုက်သည်။

“ဟေ့ကောင်ကြည်ငြိမ်း မင်းပြန်မလား မပြန်ဘူးလား” ဟု သူပြောလိုက်သည်။ ဒီကောင်က မူးနေပြီမို့ သတိမရှိတော့ဘဲ သူ့ကိုလှမ်းဆဲနေသည်။ ဒီကောင့် အင်္ကျီကိုဆွဲပြီး ခြံဝသို့ ဆွဲထုတ်လိုက်သည်။ ဒီကောင်က သူ့ကိုလက်သီးနှင့် ပြန်ထိုးသည်။ ပါးပြင်၌ ပူကနဲ ဖြစ်သွားသော အထိအတွေ ့နှင့် အတူ ဒီကောင့်ခေါင်းကို လက်နှိပ်ဓာတ်မီးဖြင့် ရိုက်ချလိုက်သည်။

ခွပ်ခနဲ ခွပ်ခနဲ အဆက်မပြတ်ကျလာသော ရိုက်ချက်များ ၊ ဖေါက်ခနဲ ပွင့်ထွက်ပက်စင်လာသော သွေးများ ၊ အရုပ်ကြိုး ပြတ်သွေးအိုင်ထဲမှာ လဲနေသော ဒီကောင့်ခန္ဓာ၊ မေ့မျောလဲကျသွားသော အမေ၊ မျက်ရည်တွေ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျနေသော ဇနီးနှင့် တူ/တူမ၊ ညီ ညီမများ ၊ စသည့်ပုံရိပ်များ က ဒီကောင့်ခေါင်းနှင့် လက်နှိပ်ဓါတ်မီး မထိတွေ ့မီ အလွန်တိုတောင်သော အချိန် အတွင် မှာ ပေါ်လာသည်။

လက်နှပ်ဓါတ်မီးလည်း ဒီကောင့်ခေါင်းနှင့် တစ်လက်မအလိုမှာ ရန်တန့်သွားသည်။ “မအေပေး၊ သေတော့မှာ ပဲ” ဟုဆိုကာ ဒီကောင့်နံဘေးကို တစ်ချက်ဆောင့်ကန်ချလိုက်သည်။ ခွေကနဲလဲရာမှ အားယူထရင်း ဒီကောင်သူ့ကိုဆဲနေသည်။ အမေက သူ့ကိုအိမ်ပေါ်ပြန်တက်ခိုင်းသည်။

“တက်ပါ သက်ဝေရယ်၊ အဲဒါတွေ ကြည့်ပြီး ငါအရင်သေမယ်၊ အမေ့ဘာသာဘာ

ဖြစ် ဖြစ် နင်တက်နေပါ” ဟု အမေက ဆိုသည်။

အိမ်ဘေးနားက ဘကြီးတွေ ၊ ညီဝမ်းကွဲတွေ နိုးလာကြပြီး၊ ဒီကောင့်ကို လာရောက်ဆွဲထုတ်ခေါ်ဆောင်သွား ကြသည်။ လက်နှပ်ဓါတ်မီးဟာ ဒီကောင့်ခေါင်းနှင့် တစ်လက်မအလိုမှာ သာ မိမိဒေါသကို ဖမ်းဆွဲချုပ်ကိုင် မမိနိုင်ခဲ့ ဘူးဆိုလျှင်တော့ .....။

♥ ♥ ♥

ရထားကြီးပဲခူးဘူတာသို့ ဆိုက်ရောက်ချိန်မှာ ညကိုးနာရီထိုးဖို့ အနည်းငယ်သာလိုတော့သည်။ ယခင် ရန်ကုန်ကအပြန် အိမ်ကိုရောက်ချင်စိတ် စောနေတတ်ပေမယ့် အခုအခါမှာ တော့ အိမ်ကိုပြန်ရမည် ကို သူကြောက် နေသည်။

တတ်နိုင်မည် ဆိုပါက ရထားကြီးနှင့် ဆက်လက်လိုက်ပါရင်း၊ မိုးအဆုံး၊ မြေအဆုံးထိအောင် လိုက်ပါသွား ချင်နေမိသည်။ သို့သော် သူနှင့် အတူ အမေ့ကိုပါ ခေါ်သွားနိုင်ဖို့တော့ လိုမည် ထင်သည်။ သူဖတ်ဖူးသော ဘာသာရေး စာအုပ်များ ထဲမှ အသေရည်သေရက် မူယစ်ဆေးဝါးရောင် းဝယ်စီးပွားရှာခြင်း၏ အပြစ်များ ကို သတိရ သည့်အခါ ထိုအပြစ်တွေ ထဲက အမေ့ကို ဘယ်လိုဆွဲထုတ်မလဲဆိုသည့် အကြောင်းကို အကြိမ်ကြိမ်အခါခါ သူစဉ်းစားမရအောင် ဖြစ်ခဲ့သည်။

မိမိသည် သူတစ်ပါးတွေ ရဲ့ အပြစ်လွတ်ရေး ကိုသာ လက်ရှိဘဝမှာ အကျိုး ဆောင်နိုင်ပေမယ့် သံသရာမှာ အမေ့ရဲ့ လွတ်မြောက်ရေး ကိုတော့ မိမိပညာနှင့် အကျိုး ဆောင်နိုင်ပါ့မလား။

အမေဟာ ဘဝတစ်ခုလုံးကို အနစ်နာခံလုပ်ကျွေးလာခဲ့ပြီးမှ ဒီအနစ်နာခံမှု တွေ အတွက် သံသရာမှာ အပြစ်တွေ ဆက်ခံရဦးမည် ဆိုလျှင်တော့ .....။

ဘူတာရုံမှ ကုန်းကြောင်းလျှောက်ရင်း အိမ်သို့ သူပြန်လာခဲ့သည်။ သူအိမ်ကို ရောက်ချိန်မှာ အမေ့ဆိုင်လဲ လူကျဲစပြုနေပြီ။ သူနှင့် ငယ်စဉ်ကတည်းက

ကစားဖော်ကစားဖက် ဖြစ်ပြီး၊ အတန်းပညာမအောင်သဖြင့် လက်တွဲ ဖြုတ်ကာ ဘဝမှာ ကျသလိုနေရသော သူငယ်ချင်းတစ်ချို့ နှင့် လူစိမ်း တစ်ယောက် သာ အမေ့ဆိုင်မှာ ကျန်နေကြသည်။ တကယ်ဆို ဒီကောင်တွေ ကတောင် အမေ့ကို လာလုပ်ကျွေးသလို ဖြစ်နေသေးသည် မဟုတ်ပါလား။

“ပြန်လာပလား သက်ဝေ၊ မိုးချုပ်လှချည်လားကွာ”

သိပ်မမူးသေးသည့် သူငယ်ချင်း တစ်ယောက် မ သူ့ကိုလှမ်းနှုတ်ဆက်သည်။ အမေ ကတော့ သူ့ကိုကြားမှာ ပိုက်ဆံသိမ်းရင်း၊ အရက်ထည့်ပေးရင်း အလုပ်ရှုပ်နေသည်။ သူငယ်ချင်း ဖြစ်သူအား ငါးနာရီရထားမမှီသဖြင့် ခုနှစ် နာရီ ရထားနှင့် လာခဲ့ရကြောင်း သူပြန်ပြောခါ အိမ်ပေါ်သို့ တက်လာခဲ့၏ ။

“ဒါ ဒီကအဒေါ့်သားလေး၊ ရှေ့နေပေါ့ ရန်ကုန်က အမှု ချိန်းကပြန်လာတာ” ဆိုသည့်စကားက သူနှင့် အတူ နောက်မှကပ်လိုက်ခါ အိမ်ထဲသို့ တက်လာခဲ့သည်။ စောစောက လူသစ်အားသူငယ်ချင်း ဖြစ်သူက မိတ်ဆက်ပေးနေကြောင်း သူသိလိုက်သည်။

သည်လိုမိတ်ဆက်ပေးတိုင်း သူငယ်ချင်းတွေ ရဲ့ အသံတွေ ထဲမှာ သူတို့မလုပ်နိုင်သော ဘွဲ့တစ်ခုကို ရနိုင်ခဲ့သူအ ဖြစ် လေးစားသော လေသံတွေ နှင့် အတူ သူတို့လုပ်နိုင်သော အနိမ့်ဆုံးအလုပ်တွေ ကို မလုပ်နိုင်သူ အ ဖြစ် အထင်သေးသော လေသံတွေ ပါ ပါနေကြောင်းကို သူသိနေသလိုရှိသည်။

ပြီးတော့ ဒီစကားတွေ ထဲမှာ ဘွဲ့သာရပြီး မိခင်အိုကြီး ဘာတစ်ခုမှ အသုံးမဝင်တဲ့ အကောင်ပေါ့ဟူသည့် အသံများ ကလည်း တိတ်ဆိပ်စွာ ရောယှက်နေသည်ဟု ခံစားရသည်။ ဒီအသံတွေ ဟာ သူ့ဘဝတစ်လျှောက်လုံး ရှန်းကန် တည်ဆောက်လာရမှု တွေ ကို တစ်ချက်ထဲနှင့် တစ်စစီ ကျိုး ပျက်ကျေမွသွားအောင် လုပ်လိုက်သော အလွန်ပြင်းထန်သည့် ပြစ်ဒဏ်ခန်မှု တစ်ခုပင် ဖြစ်သည်။ သူဟာ အကောင်းဆုံး ဖြစ်အောင်ဘဝကို ရှန်းကန် တည်ဆောက်ခဲ့သည့်တိုင်၊ ဘာကြောင့် အဆိုးဆုံး ဖြစ်နေသည်ကို တွေ းမရအောင် ရှိနေခဲ့သည်။

တောက်တစ်ချက်ကို ကြိတ်၍ ခတ်ရင်း အိမ်ထဲသို့ ဆက်ဝင်လာခဲ့သည်။ အိမ်ရှေ့ခန်းအရောက်မှာ တော့ အင်္ကျီချိတ်အောက်မှာ ချိတ်ထားသော ဝေါလ်ရှိပိုစတာထဲမှ မိုနာလီဇာပုံကြီးက သူ့ကိုလှမ်းကြည့်ရင်း ပြုံး ပြနေ သည်နှင့် ရင်ဆိုင်ရပြန်သည်။ မိုနာလီဇာဟာ သူရဲ့ ဝေဒနာကို သိနေသဖြင့် ကရုဏာပြုံး လှမ်းပြုံး နေတာလား၊ ဒါမှမဟုတ် သူ့ရဲ့ အ ဖြစ်ကိုသိသဖြင့် လှောင်ပြုံး ပဲ လှမ်းပြုံး နေတာလား၊ ဝေခွဲမရခင် အိမ်ခန်းထဲမှ မိန်းမ ဖြစ်သူထွက် လာပြီး သူ့တိုက်ပုံအင်္ကျီကို လာယူသွားသည်။ ပြီးတော့ မိုနာလီဇာခေါင်းပေါ်က ချိတ်မှာ သွားချိတ်ထားလိုက်သည်။

အခုအခါမှာ တော့ ပြုံး နေသာ မိုနာလီဇာကို အမည်း ရောင် တိုက်ပုံအင်္ကျီတစ်ထည်က ဖုံးအုပ်ထားလိုက် သည့်အတွက် ......။

မောင်ကျော်သာ (ပဲခူး)

♥ ♥ ♥

# တစ်ခုသော လပြည့်

ငယ်စဉ်က လပြည့်ညများ ကိုအမှတ်ရသည့်အခါ သူမနှင့် တွဲ ၍ ဖြစ်ပျက်ခဲ့သော အကြောင်းများ ကို သူသတိရ နေတတ်သည်။

အသက်လေးဆယ်ဟူသော ကာလသည် ဆယ့်ခြောက်နှစ် သားလို မလှုပနိုင်သည်ကိုတော့ သူသိနေသည်။ လပြည့်နေ့ညမှာ ဗိုလ်မပေါင်ဒါနံ့သင်းသော သူမ၏ ပါးနွေးနွေးကို နမ်းရသည့် အ ဖြစ်များ အားသူ့ တစ်သက်အဖို့ မေ့မရအောင်အမှတ်တရ ရှိလှသည်။ သို့ သော် ထိုကာလများ သည် မည် မျှငွေ့ပျံပျောက်ကွက်၍ နောက်မှာ ကျန်ရစ်ခဲ့ပါပြီနည်း။

ဆောင်းလက်ကြမ်းဖြင့် ပွေ့ ရင်နမ်းရှုံ့ခံရသော လပြည့်ညပေါင်း များ စွာ က သူ့အမှတ်သင်ညာကိုနှိုးဆွ ရိုက်ပုတ်လွန်းလှသည်။ သူချစ်ခင်ခဲ့သော သူမ၊ သူနှင့် ဝေးကွာခဲ့သော သူမ၊ သူလက်ထက်ခဲ့သော အခြားသူမ၊ သူနှင့် ခွဲခွာရပြန်သော ထိုသူမ၊ လောကမှာ သူမ တစ်ယောက် ယောက် ဟာ သူ့နားမှာ ရှိနေဖို့ လိုအပ်သည်ကို သည်လိုအချိန်ကျမှ သူနားလည်ခဲ့ရသည်။ သို့ သော် ထိုသူမသည်သူ့ကို ချစ်ဖို့တော့ လိုပေမည် ။

ကမ္ဘာပေါ်မှာ မိန်းမ တစ်ယောက် အနားမှာ မရှိဘဲ၊ ရပ်တည်နေနိုင်သာယောက် ားများ ၏ အမိပ္ပါယ်မဲ့သော ဘဝကို သူတွေ းကြည့်ဖူးသည်။ (ထိုအထဲတွင် လောကကို စွန့်ရဲကသော အရိယာပုဂ္ဂိုလ် အာဇာနည်များ တော့ မပါချေ။) သူ့လိုဘဝကို ခံမင်သော ၊ ဘဝကို တွယ်တာလွန်းသော ဘဝတဏှာသမား တစ်ယောက် အတွက်သာ ဖြစ်နိုင်သည်။

သူ့အဖို့တော့ သူမ တစ်ယောက် ဟာ သူ့အနားမှာ ရှိနေဖို့ လိုသည်။ သို့ သော် ထိုသူမသည် အလွန်ညံ့ဖျင်း နုံချာသော သူမမျိုး တော့မဟုတ်ဖို့လိုမည် ။ ထိုသူမနှင့် သူသည် အတိုက်အခံပေါင်းများ စွာ ကိုလုပ်နိုင်ပြီး၊ တစ်ပြိုင်နက်မှာ သူ့ဘဝကိုနားလည် လိုက်လျော်နိုင်သော သူမ ဖြစ်ဖို့လိုမည် ။

အလွန်ခေါင်သော သည်လိုမြို့ လေးမျိုး မှာ မည် သူနှင့် မျှမသိကျွမ်းနိုင်သော သည်လိုမြို့ လေးမှာ လပြည့်ညများ နှင့် ဆုံးသည့်အခါမှာ တော့ ငယ်ငယ်က သူမကိုသတိရနေတော့သည်။ ဗိုလ်မပေါင်ဒါနံ့နှင့် သူမကိုယ်သင်းနံ့ကို သူသတိရနေသည်။ သည်လိုညများ ကို အစားထိုးဝယ်ယူနိုင်ဖို့ဆိုတာ ကတော့ ဘဝတစ်ခုလုံးနှင့် လဲယူခဲ့တောင် ရနိုင်ဖို့ခဲ့ယဉ်းပေမည် ။

သူသည်အစားပြန်မရနိုင်တော့သော လူ့ဘဝအကြောင်းကိုတွေ းတောရင်း၊ ရင်ထဲမှာ ဝမ်းနည်းသလို ဖြစ်လာ ခဲ့သည်။ ဖြတ်ကျော်လျှောက်လှမ်းခဲ့သည့် ဘဝအစိတ်အပိုင်း၏ အဆက်စပ်မဲ့ပုံကိုလည်း တွေ းမရအောင် ရှိနေသည်။

သီတင်းကျွတ်ညများ ၊ နွေးထွေးသည့်သူမလက်များ ၊ ချိုမြသည့်သူမနှုတ်ခမ်းများ ၊ တိတ်ဆိတ်နေတတ်သည့် သူမအမူ အယာများ ။

ပြီးတော့ မိန်းမ တစ်ယောက် နှင့် အတူနေရသည့်အကြောင်းကို စဉ်စားမိသည့်အခါမှာ တော့ သူနှင့် လက်ထပ်ခဲ့သည့် သူမကိုသတိရခဲ့သည်။ ထိုသူမကိုချစ်ခဲ့မိသော ကာလ၌ သူ့ဘဝမှာ လူလတ်ပိုင်းသို့ ရောက်၍ နေပြီ။

အချစ်သက်တမ်းတိုတိုလေးမှာ သူမနှင့် လက်ထပ် ဖြစ်ခဲ့ကြသည်။ သူမနှင့် ပထမဦးဆုံး အိပ်ဖူးသော ညက၊ မိန်းမ တစ်ယောက် ဆိုတာ ဘာလဲ ဆိုသည်ကို သူသိလာခဲ့သည်။ ထိုညက သူအလွန်စိတ်ပျက်ခဲ့သည်။

မိန်းမ တစ်ယောက် နှင့် စိတ်ကူယဉ် ညများ ဟာ၊ သူထင်သလောက်အချိုမြိန်မှန်း သူသိသွားခဲ့သည်။ ပြုန်စားကြီးနိုင်လှသော ထိုည၏ ပရမ်းပတာရှိပုံကို သူမေ့ပစ်ခဲ့သည်မှာ ကြာပါပြီ။

ဘာပဲ ဖြစ် ဖြစ်နောင်လာများ မှာ တော့ မိန်းမ တစ်ယောက် နှင့် အတူနေရသော ဘဝ (သို့ မဟုတ်) မိန်မတစ် ယောက် အနားမှာ ရှိသော ဘဝဟာ ယောကျ်ား တစ်ယောက် အတွက် မည် မျှလိုအပ်ကြောင်းသူသိသွားခဲ့တော့သည်။

သူမကိုယ်လုံးနွေးနွေးကို ဖက်အိပ်ခဲ့ရသော ညများ ၊ ခေါင်းချသည်နှင့် နှစ် ခြို

က်စွာ အိပ်မောပျော်တတ်သော သူမ၏ ကုသိုလ်ကောင်းပုံကို ထိုင်ကြည့်ရင်း၊ အိပ်မပျော်ခဲ့သော ညများ ၊ စာတစ်မျက်နှာမဆုံးမီအိပ်မောကျ သွားတတ်သော သူမကို ဒေါသဖြစ်စွာ မနာလိုခဲ့ရသော ညများ ၊ စောင်ဘယ်တော့မှမခြုံဘဲ အိပ်ပျော်တတ်သည့် သူမကို ညတိုင်းစောင်ခြုံပေးရသော အ ဖြစ်များ ၊ တစ်ခါတစ်ခါ စိတ်တိုတိုနှင့် ဆွဲထုမ, ပစ်သော အခါ ပြုံး တူကြောင်တောင်နှင့် လန့်နိုးပြီး၊ ခဏချင်းမှာ ပင် ပြန်လည်အိပ်ပျော်သွားနိုင်သော သူမ၏ အပူအပင်ကင်းမဲ့ပုံများ ၊ ထိုညများ ဟာ ဘာကြောင့် ဝေးကွာ ပျောက်ဆုံးခဲ့ရ ပါလိမ့်။ သည့်အကြောင်းတွေ ကို သူမစဉ်းစားခဲ့သည်မှာ ကြာပါပြီ။

အခုတော့လည်းသူ့ဘဝဟာ မိန်းမ တစ်ယောက် အနားမှာ မရှိတော့ဘဲ၊ အသိအကျွမ်းမရှိသည့် ဒေသမှာ တာဝန်ဆိုသည့် အင်အားတစ်ရပ်၏ ရိုက်ပုတ်ကန်ကျောက်မှုကြောင့် လာရောက်သော ငတင်နေပြန်ပြီ မဟုတ်ပါလား။

♥ ♥ ♥

လမင်းကထိန်ထိန်သာနေသည်။ ဆောင်းလက်ကြမ်းများ က အဝေးဆီမှ အအေးဓါတ်ကို လေနှင့် အတူ သယ်ယူခဲ့ပြီး သူ့ကိုယ်ပေါ်သို့ ပစ်ပေါက်လိုက်သည်။ ကရောသော ပါး ပြေးထွက်သွားသော ဆောင်းလေများ အနောက်မှတော့ ဆိတ်ဖလူးပန်းရနံ့များ က ကပ်ပါသွားပြီ ဖြစ်သည်။

လူသူကင်းမဲ့သော ရုံးခန်းလေး၏ ထောင့်ကျသော အခန်းလေးဟာ သူ့လို အထီးကျန်ခဲ့သူ တစ်ဦးအဖို့ လုံလောက်သော ဆောင်ရွက်စရာ သိပ်မရှိလှသော မိန်းမဝန်ထမ်းဆိုလို့ အိမ်ထောင်သည် အသက်လေးဆယ် ကျော် ရုပ်ဆိုးဆိုးမိန်းမနှစ် ယောက်သာရှိသော ဤရုံးခန်းလေးမှာ ဝန်ထမ်းဆယ်ဦးလောက်ကို အုပ်ချုပ်ရသော သူ့ဘဝက အူကြောင်ကြောင် နိုင်လှသည်။

ချစ်ခင်နှစ်သက် ခဲ့ဘူးသော ငယ်ငယ်ကတည်းက စွဲလမ်းစွာ

မေတ္တာတုံးလုယ်ခဲ့ဖူးသော မိန်းမ တစ်ယောက် ကို ပိုင်ပိုင်နိုင်နိုင် အရမယူနိုင်ခဲ့သော သူလိုလူက (သို့ တည်းမဟုတ်) မိမိလက်ထပ်ခဲ့ဖူးသော၊ မိမိဘဝ၏ အစိတ်အပိုင်း ဖြစ်ခဲ့ဘူးသော မိန်းမ တစ်ယောက် ကို မိမိဘဝမှာ လွင့်စင်ထွက်ပြေးမသွားနိုင်အောင် မစွမ်းဆောင်နိုင်ခဲ့သော သူက၊ သူ့လက်အောက်မှ လူဆယ်ယောက် ကို အုပ်ချုပ်နေရသည်ဆိုသည်က ရယ်ဖို့ကောင်းနေသည်။

သူ့သဘောအရ လွပ်လပ်ပျော်ရွှင်စွာ နေချင်ခဲ့သော်လည်း မြို့ ခံလူများ ၏ သူ့အပေါ် အရေး တယူနေရာပေး မှု များ က သူ့လွတ်လပ်မှုကို ဆုံးရှုံးစေခဲ့သည်။ တစ်ခါတစ်ရံတော့ ဂုဏ်သိက္ခာဆိုသည့် ခါးထက်ထက်က လွပ်လပ်မှု ကို ရက်စက်စွာ ဖြတ်တောက် ပြစ်ခဲ့သည့်အကြောင်းများ ကို သူစဉ်းစားနေမိသည်။ လူတွေ အားလုံး ပျော်ရွှင်လွတ်လပ်စွာ စီးမျောနေသည့် သည်လိုသီတင်းကျွတ်လပြည့်ညမျိုး မှာ သူကတော့ဘာကြောင့် များ အခန်းထဲမှာ ကျောက်ရုပ်တစ်ရုပ် ဖြစ်နေရမှာ လဲ။

လူတွေ ကြားထဲ ထိုးဝင်မိသည့် အတွက်သူ၏ ဂုဏ်သိက္ခာဟူသော တစ်ကယ်မရှိသည့် အရာဝတ္ထုတစ်ခု၊ ပွန်းပဲ့မစုတ်ပြဲဖို့ သက်သက် ကတော့ ပျော်ဖိုကောင်းသည့် လပြည့်ညကို သူစွန့်လွှတ်လိုက်ရမှာ ပါလား။

ဘာပဲ ဖြစ် ဖြစ် အခြေအနေဆိုသည့် ကြိုး များ သူ့ ခြေထောက်များ အား တင်းကျပ်စွာ တုပ်ငင်ချီနှောင်ထား သည်မှတော့သေချာနေသည်။ ထိုကြိုး များ ကို ဖြတ်တောက်နိုင်သည့် စွမ်းအားသူ့ထံမှ ဘယ်ကာလကတည်းက ပျောက်ဆုံးနေမှန်းမသိ သည်မှာ လည်းသေချာနေသည်။ တစ်ခါတစ်ရံတော့ အဓိပ္ပါယ်မရှိသည့် ထိုလှောင်ချိုင့်တံခါး များ အား တွန်းကန်ရိုက်ချိုး ရင်း လောကသစ်တစ်ခုကို ပြေးထွက်လွတ်မြောက်ဖို့ ဆန္ဒများ သူ့ထံဝင်ရောက်လာ တတ်သည်။ သို့သော် တကယ်တမ်းရိုက်ချိုးဖို့ အင်အားများ စုစည်းလိုက်သည့် အခါမှာ တော့ ထိုအင်အားများ ပျောက်ချင်မလှ ပျောက်နေသည်ကို ရှုံ့ရှာစက်ဆုပ်ဖွယ်ရာ သူတွေ့ရပြန်သည်။

ထို့ကြောင့် လည်း သူ့ဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ဖူးသော သူမသည် သူ့အားနာကျည်းစွာ ရှန်းကန် ထွက်ပြေးသွားခဲ့သည် မဟုတ်ပါလား။ ဘဝတစ်ခုမှာ အမှာ

းပေါင်းများ စွာ မပြတ်သားမှု ပေါင်းများ စွာ ကို လုပ်ခဲ့ဖူးသော် လည်း၊ ထိုသူ တစ်ယောက် ဟာ သူ့အောက်က လူဆယ်ယောက် ကို အုပ်ချုပ်နေရသည့် အ ဖြစ်က မည် မျှ ရယ်စရာကောင်းလိုက်ပါသလဲ။ တကယ်တော့ အစွန်းတစ်ဖက်မရောက်အောင် ကြိုး စားအားထုတ်လာခဲ့သူ တစ်ဦး၏ အစွန်းတစ်ဖက်ရောက်လာခဲ့ပုံက ချောင်ပိတ်ရိုက်ခံရသော ခွေးတစ်ကောင်နှင့် ပင် တူနေသေးတော့သည်။

ဘာပဲ ဖြစ် ဖြစ် ဒီညကိုတော့သူပိုင်ဆိုင်ချင်သည်။ သီတင်းကျွတ်လပြည့်ည ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားရာ ညတစ်ည။ ဝါတွင် းကာလ လွတ်မြောက်ရာည။ ပွင့်လင်းရာသီ စ, ရာ ဦးဦးဖျားဖျားည။ ချစ်သူတို့ပျော်ရွှင်ကြည်နူးရာည။ ဒီတစ်ညကိုတော့ သူပိုင်ဆိုင်ချင်သည်။ ဒီညဟာ ချစ်သူရဲ့ ပါးဖွေးဖွေးကို စ နမ်းဖူးသော ည။ အိမ်ထောင်ဦးနှင့် ချစ်ရည်လူးခဲ့သည့်ည။ ခုတော့လည်း သူတို့နှစ် ယောက် လုံး သူ့နားမှာ မရှိတော့ သည့်ည။ သူ့ဘဝရပ်တည်နိုင်ဖို့ သူမ တစ်ယောက် အနားမှာ လိုအပ်နေသည့်ည။ သူ့ဘဝရပ်တည်နိုင်ဖို့ သူမ တစ်ယောက် အနားမှာ လိုအပ်နေသည့်ည။

ဆေးလိပ်တစ်လိပ်ကို မီးညှိရင်း၊ အခန်းလေးထဲမှ သူထလိုက်သည်။ ထိုည၏ အေးစက်စက်လက်ထဲကိုပင် သူတိုးဝင်ခဲ့သည်။ ပထမဦးဆုံးဘယ်ကိုစသွားသင့်သည်ကို သူစဉ်းစားနေသည်။ သွားသင့်သည့်နေရာနှင့် သွားချင်သော နေရာကို သူရွေးချယ်ရင်း၊ သွားချင်သော နေရာကို သူဦးစားပေးလိုက် သည်။ ဆန္ဒတွေ ဝေမှု ၏ လုံ့ဖျား၌ မကြာခဏသေဆုံးခဲ့ဖူးသည်ကို သူသိနေခဲ့သည် မဟုတ်ပါလား။

♥ ♥ ♥

ပွဲတော် ရက်မို့ လွတ်လပ်စွာ ခွင့်ပြုထားသည့် သည်မြို့ ကလေး၏ ဂျင်ဝိုင်းများ ရှိရာ၊ တဲများ ဆီသို့ သူထွက်ခဲ့သည်။ ဂျင်ဝိုင်းများ မှာ ငွေများ ပုံအောပြီး ထိုးနေသည့်လူများ အား လျှောက်ကြည့်ကာ၊ ဂျင်ဝိုင်းများ ၏ ခပ်မှော င်မှော င်ကျရာ အရောင် းဆိုင်ကလေးများ

ဆီသို့ သူ့မျက်လုံးတွေ ရောက်သွားသည်။ သည်နေရာမှာ ရှမ်းတရုတ်မ လုလုလေးတွေ အရက်ရောင်းနေသည်။ ရှမ်တရုတ်မလေးတွေ ဘေးမှာ တော့ ယောကျ်ားပျိုလေးတွေ ဝိုင်းထိုင်ကာ၊ ရှမ်းစကားတွေ ပြောရင်း ရယ်မောမူးရစ်နေကြသည်။

သည်ဆိုင်ကလေးမှာ ဝင်ထိုင်ဖို့ကြိုး စားရင်းမှ သည်ဆိုင်ကလေးများ နှင့် ဝေးရာကို သူထွက်ခဲ့ပြန်သည်။ ခြေလှမ်းတစ်ရာခန့် လှမ်းမိသည်နှင့် ပွဲဈေးတန်းလေးဆုံးသွားသည်။

ဂျင်ဝိုင်းများ ၊ အရက်ဆိုင်များ ၊ လောင်းကစားသမားများ ၏ အထပ်လိုက် အထပ်လိုက်ပိုက်ဆံများ ၊ အဆီရစ်နေသည့် ယစ်မူးနေသူများ ၊ ရှမ်းတရုတ်မလေးများ ၊ လင်းခေးဂျင်၊ အာမီရမ်၊ ပန်းသီး၊ စပါးနံ့ စသည့်အရက် ပုလင်းများ တွတ်တီးတွတ်တာစကားနှင့် ရယ်မောပျော်ရွှင်သံများ ၊ ဂျင်ဝိုင်းဆီမှ လောဘသားတို့၏ အော်ဟစ်သံများ စသည်တို့က သူ့နောက်မှာ ကျန်ရစ်ခဲ့သည်။

သူလိုချင်သည့် လောကသည်၊ သည်လောက မဟုတ်မှန်း သူသိနေသည်။ ဆိုင်တန်းများ အဆုံး၊ စပါးခင်းများ အစပ် တဲမှောင်မှောင်များ ရှိရာသို့ ဆက်လျှောက်ခဲ့သည်။ သည်လမ်းက မြို့ အပြင်ဘက်သို့ ဦးတည်နေသည်ကို သူသိသည်။

ပွဲဈေးတန်းများ ဘက်သို့ ခြေဦးပြန်မလှည့် ချင်သည်လည်းတစ်ကြောင်း၊ လသာသာမှာ လမ်းလျှောက်ချင် သည်လည်း တစ်ကြောင်းကြောင့် ခြေဦးတည့်ရာကို သူထွက်လာမိသည်။

စပါးခင်းများ အစပ် တဲမှောင်မှောင်တစ်ခုရှေ့မှာ တော့ အရက်မူးနေသော မိန်းမ တစ်ယောက် က ပိုးလိုးပက်လက်လန်ရင်း စိုးပိုင်သီချင်းတစ်ပုဒ်ကို ညည်းနေသည်။

“အခြေမဲ့တဲ့သူတွေ မြေနိမ့်ဘဝမှာ နေ လေလွင့်ခရီးဝေ…”

သည်မိန်းမ ဗမာလိုဆိုနေသည်ကို ကြည့်ခြင်းဖြင့် ရှမ်းပြည်မှာ လာရောက်စီးပွားရှာတဲ့ မိန်းမ ဖြစ်မည် ကို သူသတိထားလိုက်မိသည်။ မိန်းမ၏ ဘေးမှာ တော့ လောကကြီးအကြောင်ကို သိပုံမပေါ်သော နှစ် နှစ် အရွယ် ကလေး တစ်ယောက် က

မုန့်တစ်ခုကို ကိုင်ရင်းရယ်မောနေသည်။

လရောင် အောက်မှာ ထိုမိန်းမကို မြင်ရသော အခါမှာ တော့ ရှုဆူးရဲ့ အိပ်ပျော်နေသာ ပန်းချီကားကို သူသတိရနေမိသည်။

သူ့ကိုမြင်၍ ဘဲလား၊ သူ့ဗီလင်နှင့် သူပဲလားမပြောတတ် သူအနားရောက်လာကာမှ မိန်းမသီချင်းသံက ပိုကျယ်လာသည်။ ဘာပဲ ဖြစ် ဖြစ် သည့်မိန်းမက သူ့ကိုမကြည့်ဘဲ ပိုင်းစက်စက်လမင်းကြီးကို ကြည့်နေသည်က သေချာသည်။ လ, ထဲမှာ သူမအတွက် တစ်ခုခုရှိနေသည့်အလား၊ ဒါမှမဟုတ် တစ်ခါတုန်းကလရောင် ကို သတိရနေသည့်အလား၊ ဒါမှမဟုတ် မမျှော်လင့်ဘဲ ဖြစ်လာသည့်ဘဝတွေ ကို သတိရနေသည့်အလား၊ ဆွေးမြေ့အက်ကွဲ မှုးယစ်ရိဝေစွာ လမင်းကြီးကို ကြည့်ရင်းသီချင်းဆိုနေသည်။

“သိမ်ငယ်လွန်းတဲ့ မျက်ရည်ချို့ မျက်ရည်၊ ရောင်ဖယ်မယ် ဝေးဝေး၊ ရွှက်ကြွေသူလေး အသည်းရွှံ့နွံထဲ ငိုပွဲအခြေ…”

ထိုနေရာမှ ဝေးရာသို့ အမြန်ဆုံထွက်ခဲ့သည်။ သည့်မိန်းရဲ့ နာမည် ဟာ ချို တဲ့လား၊ သူပီပီသသကြားခဲ့သည့် သီချင်းထဲမှာ သိမ်ငယ်လွန်းတဲ့မျက်ရည်ချို့ မျက်ရည်ဟု ဆိုပါကလား၊ သည့်မိန်းမဟာ နာမည် ကချို့ ပြီး၊ ဘဝကခါးသီးမှာ တော့ အမှန်ပဲ ဖြစ်သည်။

နေသာရုံ တဲတစ်လုံးဘေး၊ မြက်ခင်းထဲမှာ နှင်းရည်လွှမ်းသည့် မြက်ခင်းကြမ်းပေါ်မှာ ဘဝအကြောင်း နားမလည်သေးသည့် ကလေးငယ်၏ ဘေးမှာ မူးရစ်ရီဝေ ငြိမ်သက်လှဲလျောင်းရင်း၊ ပေါက်ကွဲလွင့်စင် ကြွေမွ ပျက်စီးနေသည့်သူမဟာ ဘယ်လိုမှ ဘဝက ချိုမှာ မဟုတ်သည်က သေချာနေသည်။ ထိုမိန်းမမှာ သူမကို နားလည်သော ယောက်ျား တစ်ယောက် တော့ သူမအနားမှာ ရှိဖို့ လိုအပ်သည်။

သည့်အချိန်မှာ သူမယောက်ျားဟာ ဘယ်ဆီမှာ ရောက်နေမှာ ပါလိမ့်။ ဒါမှမဟုတ်လည်း ကိုယ်ပိုင်ယောက်ျား မရှိသည့် မိန်းမ တစ်ယောက် မို့ ယောက်ျားတွေ နှင့် ပတ်သတ်ပြီး ဆီသည့်မလက်သုတ် ဖြစ်နေသည့် မိန်းမ တစ်ယောက် မို့

ဒီလောက်တောင်မူးရစ်ရီဝေ နေရတာ ဘဲလား။

သည်အချိန်မှာ သူမအလိုချင်ဆုံးဆန္ဒဟာ ဘာလဲဆိုသည်ကိုတော့ သူသိသလိုရှိနေသည်။ သည်အချိန်မှာ သူမအလိုချင်ဆုံးအရာဟာ၊ သူအလိုချင်ဆုံးအရာနှင့် တိုက်ဆိုင်ကောင်း တိုက်ဆိုင်နိုင်သည်။

လရောင် ကို မြသည့်အခါ၊ လရောင် အောက်မှာ ငယ်စဉ်က ဆော့ကစားဖူးသည်ကို သတိရနေမှာ ပါလား။ ဒါမှမဟုတ် ငယ်စဉ်က ပထမဦးဆုံး ချစ်သူနှင့် ချိန်းတွေ့ဖူးသော ညကို သတိရနေမှာ လား၊ နောက်တော့လည်း လူ့ဘဝရဲ့ ပရမ်းပတာဆွဲပွေ့ရိုက်နှက် အနိုင်ကျင့်မှု ကို ခံရပြီးတဲ့ ကာလမှာ တော့ ...။

အတွေးတွေ က ဆူပွက်လာသည်။ မိန်းမ တစ်ယောက် ဟာ ယောက်ျား တစ်ယောက် ရဲ့ နံဘေးမှာ ရှိရန် လိုအပ်နေသည့်နည်းတူ၊ ယောက်ျား တစ်ယောက် ကရော၊ မိန်းမ တစ်ယောက် အနီးမှာ ရှိရန်လိုအပ်နေသည်။ သို့သော် ရှိနေပုံ၊ ရှိနေနည်း၊ တစ်ခုခုတော့လိုပေမည် ။ ဘဝမှာ ကမောက်ကမ မ ဖြစ်နေသည့် လူချင်းအတူတူ၊ သူမ ဖြစ်ပုံ၏ ပစ္စလက်ခတ်နိုင်ပုံ နှင့် သူ ဖြစ်ပုံ၏ ပရမ်းပတာဆွဲပွေ့ရိုက်နှက် အနိုင်ကျင့် မှု ကို ခံရပြီးတဲ့ ကာလမှာ တော့ ...။

♥ ♥ ♥

အတွေးတွေ က ဆူပွက်လာသည်။ မိန်းမ တစ်ယောက် ဟာ ယောက်ျား တစ်ယောက် ရဲ့ နံဘေးမှာ ရှိရန် လိုအပ်နေသည့်နည်းတူ၊ ယောက်ျား တစ်ယောက် ကရော၊ မိန်းမ တစ်ယောက် အနီးမှာ ရှိရန်လိုအပ်နေသည်။ သို့သော် ရှိနေပုံ ရှိနေနည်း၊ တစ်ခုခုတော့ လိုပေမည် ။ ဘဝမှာ ကမောက်ကမ မ ဖြစ်နေသည့် လူချင်းအတူတူ သူမ ဖြစ်ပုံ၏ ပစ္စလက်ခတ်နိုင်ပုံနှင့် သူ ဖြစ်ပုံ၏ ပရမ်းပတာ နိုင်ပုံ ကတော့ မည် မျှကွာနိုင်ပါမည် နည်း။

တစ်ခုသော လပြည့်ညမှာ မပြည့်စုံနိုင်သော ယောက်ျား တစ်ယောက် နှင့်

မပြည်စုံနိုင်သော မိန်းမ တစ်ယောက် တို့ ပေါင်းစပ်ဖို့ အခြေအနေကလည်း မိုးနဲ့မြေလိုကွာဟနေသည်။ ဆန္ဒတွေ မပြည့်သည့်လူသားတွေ ရဲကြားမှာ ညှိနှိုင်းယူဖို့နည်းလမ်းတစ်ခု အလိုလိုပျောက်ဆုံးနေသည်မှာ သေချာနေသည်။

ဆီနှင့် ရေရောစပ် မရသလို၊ ဘဝတစ်ခုနှင့် အခြားဘဝတစ်ခု၊ ပေါင်းစပ်ရောထွေးနိုင်ဖို့ဆိုသည်ကလည်း အခြေအနေဆိုသည့်ပါးလွှာလွှာအနားသတ် ကြားခံနယ်က ခြားနားကန့်သတ်နေသည်။

ဖြူစင်စွာ ညစ်ထေး စုတ်ပြတ်ခဲ့သော ဘဝများ အကြောင်းကို စဉ်းစားရင်း၊ ခြေဦးတည့်ရာသို့ သူဆက် လျှောက်ခဲ့သည်။ သူသွားရာဆီသို့ လမင်းမှာ တောက်လျှောက်လိုက်လာလျက်ရှိကြောင်း သူသိသွားသည်။ သည်လမင်းဟာ လူတွေ အကြောင်းကို ကောင်းကောင်းမှတ်တမ်းတင်ထားရာ မှိန်စွာကောင်များ လား။

လပြည့်ညများ ရဲ့ ဆွေးမြေ့ပုံရိပ်များ ကို မှတ်တမ်းယူရင်း ရာစုပေါင်းများ စွာ ကို ဖြတ်သန်းလာသော လမင်းရဲ့ မျက်နှာကို ရုတ်တရတ်သူမော့ကြည့်လိုက်သည်။

လမင်းရဲ့ မျက်နှာမှာ သူ၏ ချစ်ဦးသူ၊ သူမပေါ်လာသည်။ လမင်းမှာ သူ၏ ဇနီး ဖြစ်သူ သူမပေါ်လာသည်။ လမင်းမှာ လှိုင်ထိပ်ခေါင်တင် ပေါ်လာသည်။ လမင်းမှာ မြဝတီမင်းကြီးဦးစ ပေါ်လာသည်။ လမင်းမှာ ဂျူး ဇက်ဖင်းပေါ်လာသည်။ လမင်းမှာ နပိုလီယံ ပေါ်လာသည်။ လမင်းမှာ အိုင်းစတိုင်းပေါ်လာသည်။ လမင်းမှာ ကော်ပါးနီးကပ် ပေါ်လာသည်။ လမင်းမှာ ချိုပြုံး ပေါ်လာသည်။ လမင်းမှာ တွံ့တေးသိန်းတန် ပေါ်လာသည်။

“သေလိုက်စမ်းကွာ...”

စိတ်ပျက်နာကျည်းစွာ ခဲတစ်လုံးကိုကောက်ယူရင်း၊ လမင်းကို ပစ်ပေါက်လိုက်သည့်အချိန်မှာ တော့ တစ်ခုသော လပြည့်ည၏ အေးစက်စက်လက်များ က သူ့နလုံးသားကို ဆုပ်ကိုင်ဆွဲ ညှစ်ချေမွဖျက်စီးကာ ....။

မောင်ကျော်သာ (ပဲခူး)

♥ ♥ ♥

# ပုဏ္ဏားသားများ

နောက်ကိုပြည့်ကြည့်လိုက်သော အခါ အရာရာသည် မှုံ ဝါး လွင့်စဉ်ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

အဆုံးအစမဲ့ ကွင်းပြင်တစ်ခုပေါ်သို့ တိမ်တိုက်တစ်ခုက အိပ်ပဲ့လေးလံစွာ ပိကျဖုံးအုပ်လာခဲ့သည်။ ကွင်းပြင်၏ အဆုံးမြေသား မဲမဲ နှင့် တိမ်တိုက်အနားသတ်နံရံတို့ကြား မိုးကုတ်စက်ဝိုင်း၏ အလင်းရောင် ဖွေးဖွေးမှာ မျှော်လင့်ချက်အတွက် နောက်ဆုံးအလင်းရောင် ဟုဆိုက ထိုအလင်းရောင် သည် အလွန်းဝေးကွာ လွန်းနေပြီး ပိကျလာမည့် တိမ်တိုက်များ ၏ ဖုံးအုပ်မှု ကြားမှာ ပင် ပျောက်ကွယ်သွားတော့မည့် အင်အားချိနဲ့လှသော အလင်းရောင် သာ ဖြစ်မည် ။

ဘာပဲ ဖြစ် ဖြစ်သည် လမ်းပေါ်သို့ သူရောက်ခဲ့ပြီ။ သူ့ရှေ့မှ လူများ ကို မမှီလိုက်တော့သော် လည်း သည်လမ်းမပေါ်ကို ရောက်မှာ တော့ ရှေ့ကိုလျှောက်ရန်သာ သူ့တာဝန် ဖြစ်သည်။ ကိုယ်အား ကိုယ့်အင်နှင့် ကိုယ်စွမ်းရှိသလောက် လျှောက်ခဲ့ရာမျ ကွေ့တစ်ကွေ့မှာ ရှေ့ကလူအုပ်ကြီးကို ဘွားကနဲ သူတွေ့ လိုက်ရတော့ သည်။ သေချာစွာ ကြည့်လိုက်သည့်အခါ ထိုလူအုပ်ကြီးသည် အစိတ်စိတ်အမြွှာမြွှာ ကွဲနေသော အုပ်စုကွဲများ နှင့် မွစာကျဲလျှက်။ ထိုလူအုပ်ထဲ၌ အရောင် ကွဲ၊ အဆင်ကွဲ၊ အယူအဆကွဲ၊ ဝါဒကွဲ၊ မာနကွဲ၊ အဘိဓမ္မာကွဲ၊ စသည့် အကွဲများ မွစာကျဲလျှက်။

ထိုအုပ်စုကွဲများ ထဲသို့ ပင် မယောင်မလည်သူရောက်ခဲ့သည်။ သည်လမ်းပေါ်လျှောက်လာခြင်းသည် ထိုအုပ်စု ကွဲများ နှင့် တွေ့ရန်မဟုတ်သော် လည်း သည်နေရာရောက်မှတော့ ထိုအုပ်စုများ နှင့် မတွေ့ ချင်၍ မ ဖြစ်တော့ပေ။ သူရောက်လာသည်ကို တစ်ချို့ ကလှမ်းကြည့်လိုက်ကြသော် လည်း တစ်ချို့ က သူရောက်လာသည် ကိုပင်သိဟန်မတူကြပဲ သူတို့ကိစ္စများ ကိုသာ ဆက်လက်လုပ်ဆောင်နေကြသည်။ သူကိုယ်တိုင်ကိုက ဂရုပြုနိုင် လောက်သူမဟုတ်မှန်တော့ သူသိနေပေသည်။ ဒါသည်ပင် သူ့အတွက်ပို၍ လွတ်လပ်သည်ဟု သူထင်ခဲ့သည်။

"တကယ်တော့ မော်ဒန်ဝါဒဆိုတာ ကာတွန်းအောင်ရှိန်ရဲ့ မော်ဒန်ကာတွန်းနဲ့အတူ ဟိုနောက်မှာ ကျန်ခဲ့တဲ့ ဝါဒတစ်ခုပဲကွ။ ပြီးတော့မော်ဒန် စတ္တု ဆိုတာအနောက် နိုင်ငံတွေ ရဲ့ ဝေါဟာရထဲမှာ ကိုက မရှိခဲ့ဖူး။"

အုပ်စုထဲမှ အော်ဟစ်ပြောဆိုလိုက်သော လူတစ်ချို့ ၏ ခပ်စွာ စွာ အသံကြောင့် သူအံ့သြတုန်လှုပ်သွားမိ သည်။ ထိုလူများ သည် လူပေါ့လူသွပ်များ ဟုတ်ဟန်မတူပေ။ ထို့အပြင် နလဗိန်းတုံးများ လည်း ဟုတ်မည် မဟုတ် ပေ။ ထိုလူများ ကို သေချာစွာ ကြည့်လိုက်မှပင် ထိုလူများ သည် သူတစ်ချိန်က မျှော်လင့်ခဲ့သော လူများ ဖြစ်နေသည်ကို ဝမ်းနည်းစွာ သူလှမ်းတွေ့လိုက်ရသည်။

သူမျှော်လင့်ခဲ့သော လူများ ၏ ပေါ့ပျက်ပျက် ပြောချလိုက်သော စကားကြောင့် သူ့ရင်မှာ ဟာခနဲ ဖြစ်သွား ခဲ့သည်။ သည်လူတွေ စကားတစ်လုံးကို ဘာကြောင့် များ ခပ်လွယ်လွယ်ပြောရဲပါလိမ့်။

ထိုလူများ ၏ စကားများ က မသိ၍ ပြောသည်ပဲလား၊ သိလျက်နှင့် တမင်ကပ်ဖဲ့ပြောသည်ပဲလား၊ စဉ်းစားရခက်လှသည်။ ဘာပဲ ဖြစ်စေ၊ ထိုမျှပေါ့ပေါ့ပျက်ပျက် စကားမျိုး ကိုတော့ ထိုလူများ အနေနှင့် မပြောသင့်ဟု ထင်သည်။ ထိုလူများ ပြောဆိုနေပုံက စပျစ်သီးကို မမှီသည့် မြေခွေးပြောနည်းမျိုး လို မရိုးသားလှ။

ထိုကိစ္စနှင့် ပတ်သတ်၍ ငြင်းခုံချေပမှု များ ထွေးလုံးရစ်ပတ်နေချိန်မှာ ပင် ထိုနေရာမှ သူထွက်လာခဲ့သည်။ သူ့အနေနှင့် ထိုကိစ္စများ ငြင်းခုံပြောနေစရာပင်မလိုဟု သူထင်ခဲ့သည်။ ကိုမင်းနောင် သီချင်း၊ တွံတေးသိန်းတန် သီချင်းများ မှသည် စိုင်းထီးဆိုင် သီချင်း၊ ကိုင်ဇာသီချင်းများ ကိုပါ နှစ်သက် ခံစားတတ်သူ၊ သူ့အဖို့ ထိုငြင်းခုံ ချေပချက်များ ကို သူနားမထောင်လိုပေ။ ဖန်တီးသူ၏ စွမ်းအားစိုက်ထုတ်မှု နှင့် စေတနာမှ ဖြစ်ပေါ်လာသော အသီအပွင့်ကိုသာ သူလိုချင်သည်။

ဖန်တီးသူ၏ မာနတရားကြောင့် ဖြစ်ပေါ်လာသော ဒေါသဆူးကို သူမလိုချင်ပေ။

သမရိုးကျ ဖြစ်စေ၊ ဆန်းသစ်၍ ဖြစ်စေ၊ လူသားဝိညာဉ်

အားကျေနပ်လောက်အောင် လှုံဆော်ပေးသော အနုပညာကိုသာ သူလိုချင်သည်။ စကားများသော အစိမ်းရောင် ကျတ်တူရွေးများ နှင့် ရန်လိုသော အမဲရောင် သာလိကာများ ကို သူမလိုချင်ပေ။ ထို့အတူ နေရာမဖယ်ပေးလိုသော မြေခွေးတစ်ကောင်၏ မျက်လုံးနှင့် တပည့်မွေးရန်လိုက်ချောင်းမြောင်းနေတတ်သော တပည့်မွေးမရလျှင် နောက်ကျောမှ ဓားနှင့် ထိုးတတ်သော အကျင့်တန်တန် ပုဂ္ဂိုလ်များ ကို သူအမုန်းဆုံး။

“အများ နားလည်ဖို့တော့ လိုတယ်ဗျ၊ အများ နားမလည်ရင် ထားဝယ်အငြိမ့်ကြည့်ရသလို ဖြစ်နေဦးမယ်။ တစ်ခါက ထားဝယ်ကိုရောက်တော့ ကျုပ်ထားဝယ်အငြိမ့် ဝင်ကြည့်ဖူးတယ်။ ပြောတော့ဗမာစကားပဲ။ လေယူလေသိမ်းနဲ့ တစ်ချို့ အသုံးအနှုန်းတွေ ကြောင့် ကျုပ်တော် တော် လေး နားလည်ရခက်ခဲ့တယ်။ သူ့အရပ်နဲ့ သူ့ဇာတ်၊ သူ့လူပြတ်နဲ့ သူ့ပရိတ်သတ် ကတော့ ဟုတ်လို့ပဲ။ လူပြတ်တွေ က ပြတ်လိုက်၊ အောက်ကပရိတ်သတ်က ဝေါခနဲရယ်လိုက်။ ကျုပ်မှာ သာ လူပြတ်ပြောသွားတဲ့စကားကို မသိလိုက်လို့ ရီရကောင်းနိုးနိုး ငိုရကောင်းနိုးနိုးနဲ့ အူလည်လည် ကြီး ဖြစ်ခဲ့ရတယ်။

အများ နားလည်ဖို့တော့လိုတယ်။ အများ နားမလည်ပဲ ခင်ဗျားတို့ချင်းသာ နားလည်မယ်ဆိုရင်တော့ ခင်ဗျားတို့ဖန်တီးထားတဲ့ အနုပညာဟာ

လူ တစ်ယောက် ၏ ရိုးရိုးသားသားပြောဆိုလိုက်သော စကားကြောင့် ထိုနေရာမှာ သူရပ်မိပြန်သည်။

“ဟုတ်တယ်ဗျ ခင်ဗျားတို့ဟာက ဆန်းရင်ပြီးရော ဆိုပြီးအိုင်းစတိုင်းနဲ့ ပုရွက်ဆိတ်တစ်ကောင်ဟာ စကြာဝဠာရဲ့ အပြင်ဘက်မှာ ဟေမာနေဝင်းသီချင်းနဲ့ ကခုန်နေတယ်ဆိုတာမျိုး ကို ကျုပ်တို့ဘယ်လို နားလည်ရမလဲ။

“ဟုတ်တယ်လေ သူဟာ မြွေတစ်ကောင် ဖြစ်တယ်။ သူဟာခြင်္သေ့တစ်ကောင် ဖြစ်တယ်ဆိုတာ လောက်ကို ကျုပ်တို့နားလည်ပါတယ်။ အိုင်းစတိုင်းနဲ့ ပုရွက်ဆိတ်တစ်ကောင် စကြာဝဠာအပြင်ဘက်မှာ ဟေမာနေဝင်းသီချင်းနဲ့ ကခုန်နေတယ်ဆိုတာ ဘာသင်္ကေတလဲ။ မြေကြီး ပေါ်မှာ ကမရလို့စကြာဝဠာမှာ သွားကတာလား”

ပထမလူက ပြောပြီး နောက်ဘေးလူများ ကပါ ဝိုင်း၍ ပြောကြပြန်သည်။ တစ်ဖက်မှ ပြောခံရသူက ထိုလူများ အား မဲ့ပြုံး ပြုံး ကြည့်ရင်း...

"ကျုပ်တို့ဟာ အားလုံးနားလည်အောင် လိုက်ရှင်းဖို့တော့ မလိုဘူးနဲ့တူတယ်ဆိုရင်။ ဒါပေမယ့် အနုပညာကို ခံစားတတ်တဲ့ ပြည်သူတွေ တော့ နားလည်နိုင်မှာ ဘဲ။ ဆိုက်ကားသမားဖတ်တာနဲ့ နားလည်ဖို့၊ မြန်မာစာ ဖတ်တတ်သူ ဖတ်တာနဲ့ နားလည်ဖို့ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမနေစမ်းပါနဲ့ဗျာ။ ခင်ဗျားတို့ ကိုယ်ခင်ဗျားတို့ လည်းအထင်မကြီးနဲ့၊ သူများ ကိုလည်း အထင်မသေးနဲ့၊ တစ်ချို့ အတန်းပညာ သိပ်မတတ်ပေမယ့် စာသိပ်ဖတ်တဲ့ လူတွေ ဟာ ခင်ဗျားတို့ထင်တာထက် ပိုနားလည်တယ်။ ဆိုက်ကားသမားဆိုပြီး အထင်မသေးနဲ့။ အဲဒီ အထဲမှာ ကဗျာဆရာတွေ ၊ စာရေး ဆရာတွေ အများ ကြီးရှိတယ်။ ခင်ဗျားတို့ ပြောပုံကအရာရာကို ခင်ဗျားတို့ စာရေး ဆရာဆိုတဲ့ လူတန်းစားကပဲ နားလည်နေတယ် အောက်မေ့နေတာကို။ ဘွဲ့တွေ နင်းကန်ရထားတဲ့ လူတိုင်းကိုရော အရာရာကို နားလည်တယ်လို့ ခင်ဗျားတို့ယူဆထားလို့လား။ လောကမှာ ဘွဲ့ဆိုတဲ့ကိစ္စလေး တစ်ခုကလွဲပြီး ဦးနှောက်မရှိတဲ့ ယောက်ျား မိန်းမတွေ ကိုကော ခင်ဗျားမြင်ဘူးလား။ ကဗျာစာအုပ်တစ်အုပ်ကို နှုတ်ခမ်းနီတစ်တောင့်၊ အတွင်းခံ ဘောင်ဘီ တစ်ထည် လောက်တောင် တန်ဖိုးမထားတတ်တဲ့ မိန်းမယောက်ျား တွေ ကိုရော ခင်ဗျားတွေ ့နေကျမဟုတ်လား"

"ပြီးတော့ အနုပညာဆိုတာ ဇိမ်ခံပစ္စည်းမဟုတ်ဘူးဗျ၊ အနုပညာဆိုတာ ဘဝအကြပ်အတည်းရဲ့ ထွက်ပေါက်၊ ဒါကြောင့် ပဲ အနုပညာကို ဘဝမှာ ကြပ်တည်းနေတဲ့ ထွက်ပေါက်မဲ့သူတွေ တော် တော် များများ နားလည်နိုင်တယ်။ အနုပညာဟာ ဇိမ်ခံပစ္စည်း ဆိုတာကန်ထရိုက်တာတွေ ၊ ပွဲစားတွေ ၊ တရုတ်သူဌေး၊ ကုလာသူဌေးတွေ နားလည်နိုင်မှာ ပေ့ါ။ ဒီလူတွေ နားလည်သလား။ ခင်ဗျားမေးကြည့်ပါလား။"

"လူထုနဲ့နီးစပ်မှု မရှိတဲ့အနုပညာဆိုတာမရှိဘူးဗျ၊ လူထုနဲ့ အဲဒီ အနုပညာနဲ့ စိမ်းနေသေးတာ ပဲ ဖြစ်တယ်။ လူထုကို အနုပညာအသစ်တွေ နဲ့ ရင်းနှီးအောင်လုပ်ပေးဖို့ဟာ ကျုပ်တို့ တာဝန် ဖြစ်တယ်။ လူထုဟာ ခံစားနိုင်တဲ့ အခြေအနေ အမြဲအသင့်ရှိနေတယ်။

ခင်းများတို့ဟာ လူထုကို အဟောင်းပုံထဲများ ထားခဲ့တာ ဖြစ်တယ်။ ခင်များတို့ ကိုယ်တိုင်အဟောင်းပုံထဲမှာ ပျော်နေတာလည်း ဖြစ်နိုင်တယ်။ ကျောက်ခေတ်အနုပညာလက်ရာပေါ်မှာ လူသားဟာ ဘယ်တော့မှ မကျန်ရစ်ခဲ့ဘူးဆိုတာ ယုံပါမိတ်ဆွေ"

လူတစ်စုကပြောပြောဆိုဆိုနှင့် ရှေ့သို့ ခွဲထွက်သွားကြသည်။ လူတစ်စု ကတော့ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ၊ ဝါဒကိုးကွယ်မှု မရေမရာ ကိုးကွယ်မှု စည်းမျဉ်းဘောင်အတွင် းမှာ အော်ဟစ် ဆူညံကျန်ရစ်နေခဲ့သည်။

သည်လူတွေ ဟာတကယ် လုပ်ရမဲ့ အလုပ်တွေ ကို မေ့နေဟန်တူတယ်ဗျ။ သည်လူတွေ ရဲ့ အလုပ်ဟာ အောင်မြင်သူတွေ ကို ကိုးကွယ်ဖို့နဲ့ သူများ ဖောက်ပြီးသား လမ်းဟောင်း လမ်းသိမ်မှာ မေးပြီးလျှောက်ဖို့ပဲ ဖြစ်တယ်။ ဒီလူတွေ ဟာ စိန်အစစ်မဟုတ်ဘဲ ချက်ကျောက်တွေ ရဲ့ အရှိန်အဝါအောက်မှာ သေမယ့်လူတွေ ဖြစ်တယ်"

ရှေ့သို့ ဆက်လျှောက်သွားခဲ့သော လူအုပ်ထဲမှလူ တစ်ယောက် က သူ့နားကိုကပ်၍ ပြောသွားပြန်သည်။ သူလည်း ဇဝေဇဝါနှင့် သူ့အားဖြတ်ကျော်သွားကြသော လူများ ကို ငေးကြည့်ကျန်ရစ်ခဲ့သည်။ သည်လူများ ဖြတ်သွားရာလမ်း၌ ဖုန်များ ထထောင်းထောင်းထ ကျန်ရစ်ခဲ့၏ ။ ဖုန်များ မွန်ထူသွားသဖြင့် နောက်ဖက်သို့ ဆုတ်လိုက်စဉ် ကျန်ခဲ့သော လူအုပ်ထဲမှ တစ်ယောက် သူ့ဆီရောက်လာသည်။ ထိုလူက သူ့အားအကဲခတ်ရင်း သူ့ဖက်သို့ ဆွယ်လိုက်သည်။

"ကိုရင်က ကျုပ်တို့နဲ့နေခဲ့မဲ့လူမဟုတ်လား ဒီလူတွေ နောက်ကိုတော့ လိုက်မသွားတာ ကောင်းပါတယ် ကိုရင်။ ဒီလူတွေ က ရှိသေထိုက်တဲ့သူတွေ ကို မရှိသေတဲ့လူတွေ ဗျ။ ကိုယ့်ထက်အစဉ်အလာကြီးတဲ့ ပုဂ္ဂိုလ်တွေ စာပေကောင်းကင်မှာ ကြယ်လို လလို ဖြစ်နေတဲ့ လူတွေ ကိုစော်ကားရင်၊ ကိုယ့်နာမည် ရမယ် အောက်မေ့ နေသူတွေ ဗျ။"

ထိုလူ့စကားကြောင့် ထိုလူအား လူသေတစ်ကောင်ကို မြင်ရသလို အံ့ဩစွာ

ကြည့်ရင်း…။

“ဒီတော့လည်း မဟုတ်ဘူးနဲ့ တူပါတယ်ဗျာ။ ဒီလိုဆိုရင် ခင်ဗျားတို့ကိုးကွယ်တဲ့လူတွေ ဟာလည်း တစ်ချိန်က နာမည် ရနေတဲ့ လူတွေ ကိုတိုက်ခိုက်တက်လာတဲ့ လူတွေ ပဲ မဟုတ်လား။ ဥပမာ ဆရာဒေါင်းနွယ်ဆွေ ကြီးကို တိုက်ခိုက်ခဲ့တယ်ဗျာ။ ဆရာအောင်လင်းကို တိုက်ခိုက်ခဲ့တယ်ဗျာ”

တစ်ချို့ ဆိုရင် ဆရာဒေါင်းကြီးသေတာကိုပဲ ဘယ်လိုသေရတယ် ညာလိုသေရတယ်စသည်ဖြင့် ထိခိုက်နစ်နာအောင် ရေး ကြသေးတာပဲမဟုတ်လား။ ဒီလူတွေကျတော့လဲ နာမည် ရှိတဲ့ လူတွေ ပါဗျာ။ ဒါပေမယ့် ဒီလူတွေ လုပ်ရက်တယ်ဗျာ၊ သေပြီးလို့ ပြန်မချေပနိုင်သူကိုတောင် ချမ်းသာမပေးဘူး။ ပြီးတော့ကိုယ့်အကြောင်း ကိုယ်ဖော်မှု တွေ ကိုယ်ရည်ကိုယ်သွေးမှု တွေ ကလည်းများ လားများ ရဲ့၊ တစ်ယောက် ဆိုလည်း ဟိမဝန္တဇင်းကြီးကို ထူထောင်ခဲ့တာတို့၊ ဘာတို့ … ဒါပဲမဟုတ်လား” ဆိုသည့် စကားများ က ရင်ထဲမှာ ပဲ ပျောက်ကွယ်သွားသည်။

သူ့အနေနှင့် ဒီလိုလူတွေ ကိုတိုက်ခိုက်ရင်း အချိန်မကုန်ချင်မှန်း သူ့ဖာသာ သိနေသည်။ သူဘာမှုပြန်မပြော ခြင်းကြောင့် လားပင်မသိ၊ ထိုလူက သူ့နားကပ် လာပြီး …

“လာလေ ကိုရင်ကျုပ်တို့တစ်တွေ မေကို ဂါရဝပြုကြရအောင်”

“ဗျာ ဂေါ်ကီရဲ့ အမေကိုလား”

ဂေါ်ကီရဲ့ အမေ မဟုတ်ဘူးဗျ, မေ ကိုပြေတာ၏ မေ, ကိုပြောတာ၊ ဒါလောက်လေးတောင် မသိဘူးလား”

ဒီလူက သူ့ကိုအော်ဟစ်ပစ်လိုက်သည်။

သူမှာ းသွားမှန်းသိလိုက်ရသော်လည်း ဒီလောက်အမှာ းလေးနှင့် တော့ ဒီလူဒီလောက်ဒေါသမ ဖြစ်သင့်ဟု ထင်သည်။ ပြီးတော့ သူ့အနေနှင့် ဂါရဝပြုမည် ဆိုက မောင်ထင်၏ ဘေကိုသော်လည်းကောင်း၊ ဆင်ဖြူကျွန်း အောင်သိန်း၏ ကိုဆေးရိုးကိုသော

လည်းကောင်း၊ ဂါရဝပြုချင်သည်။ မေလိုပေါ့ပျက်ပျက်နိုင်လွန်းသော မိန်းမ တစ်ယောက်၊ တိရိစ္ဆာန်တစ်ကောင်လို ဆန္ဒတစ်ခုနောက် အာသာငမ်းငမ်း လိုက်လွန်းသော မိန်းမ တစ်ယောက် ကို ဂါရဝမပြုချင်ပေ။

သို့သော် ဗမာလား၊ ကပြားလား မသိအောင် အမျိုး သားဝတ်စုံ မရှိသည့် "မေ" ကို ဂါရဝ ဝိုင်းပြုနေသူတွေ ရှိသည့်နေရာမှာ မနေသင့်သည် ကိုတော့ ချက်ချင်း သူနားလည်သွားခဲ့သည်။

သူသည်ပိကာဆို၏ "အေဗီညွန်မှ မိန်မများ ပန်းချီကားမျိုး ကို ကြို က်သူမဟုတ်ပေ။ သူသည် အာမေးနီယန်း ပန်းပုဆရာ အာတိုချက်မက်ကို ကြို က်သူမဟုတ်ပေ။ သူသည်အားမေးနီးယန်း ပန်းပုဆရာအာတိုချက်မက်ချန်၏ "ပန်းချီဆရာမ ခင် ပုံတူ" ပန်းပုလက်ရာမျိုး ကိုသာ ကြိုက်သူ ဖြစ်သည်။ လွတ်လပ်စွာ ခွဲထွက်ခြင်းကို သူနစ်သက် သော်လည်း ညစ်ပတ်စွာ ခွဲထွက်လာသော လက်ရာများ ကို သူမကြိုက်ပေ။

ညစ်ပတ်သော စာကိုဖတ်လိုက ညစ်ပတ်သော စာများ စွာ ရှိပေသည်။ ဒါတွေ သည် အနုပညာတန်းဝင် မဟုတ်။ ညစ်ပတ်မှု နှင့် အနုပညာကြား ဖားတစ်ပိုင်း ငါးတစ်ပိုင်းများ ကို သူမနစ်သက် ပေ။ အနုပညာကို အညှီအဟောက်ဘောင်ကွတ်၍ တန်ဖိုးတက်အောင်အားထုတ်ခြင်းကို သူမယုံကြည်ပေ။

သို့သော် လွတ်လပ်စွာ ကြိုက်ပိုင်ခွင့်နှင့် လွတ်လပ်စွာ နစ်သက် ပိုင်ခွင့်ရှိသည် ဖြစ်ရာ ကိုယ်မနစ်သက် သည်နှင့် သူများ ကြိုက်သည်ကို ပိတ်ပင်ပိုင်ခွင့် မရှိ။ ဘာပဲ ဖြစ် ဖြစ် သည်နေရာမှထွက်ခွာခြင်းသည်သာ သူ့အတွက် အကောင်းဆုံး ဖြစ်မှန်း သူအသိစိတ်က သူ့ကိုသတိပေးလိုက်သည့်အတွက် သူထွက်ခွာလာခဲ့သည်။ သည်အုပ်စုနှင့် ဝေးလျှင်ပြီးရော ဆိုပြီးထွက်ခဲ့ကာမှ ရှေ့နားမှာ လူအုပ်တစ်အုပ်နှင့် ထပ်တိုးနေပြန်သည်။

"ဘဝတည်ရှိခြင်းရဲ့ အကြီးမားဆုံး အကျိုး စီးပွားနဲ့ အမြင့်မားဆုံး ပျော်ရွှင်မှု ဟာ အန္တရာယ်ကြားမှာ ရှင်သန်နေခြင်းပဲလို့ နစ်ရှေး က ဆိုတယ်ဗျ။"

လူအုပ်ထဲရှိလူ တစ်ယောက် ၏ အသံကြောင့် သူ့ခြေလှမ်းများ

ရပ်တန့်သွားပြန်သည်။ သည်လူက လူပုံအ လည်မှာ ရပ်ရင်း သူ့စကားကို ဆက်ပြောနေသည်။

"နစ်ရှေးဟာ သစ္စာတရားလောကကို ဆန့်ကျင်တယ်။ သစ္စာတရားလောကဆိုတာ လူ့ဘ၀တည်ရှိခြင်းကို ပျက်စီးစေတဲ့ စာရင်းအင်းဆရာ တို့ရဲ့ လေ့ကျင့်ခန်းနဲ့ အပြင်လောကနဲ့ အဆက်ပြတ်နေတဲ့ သင်္ချာဆရာတို့ရဲ့ သင်ခန်းစာမျိုး သာ ဖြစ်တယ် လို့လည်ဆိုခဲ့တယ်"

"သြော် ဒီလူတွေ ဘ၀ ဖြစ်တည်မှု ဝါဒ၊ အိုမဟုတ်ပါဘူး၊ အတ္တဘ၀အမှန်ဝါဒ၊ ဒါလည်းမဟုတ်သေးဘူး။ ဖြစ်တည်မှု အဓိကဝါဒ။ ဒါလဲ မဟုတ်သေးပါဘူး၊ ဒီလူတွေ ကိုယ်တိုင် ဒီစကားတစ်လုံးကို သေသေချာချာ အဓိပ္ပါယ် မဖွင့်နိုင်တဲ့ဝါဒအကြောင်း ဆွေးနွေးနေတာကိုး"

သူ့စိတ်ထဲမှာ ထိုသို့ပင် တိုးတိုးတိတ်တိတ်ရေရွတ်လိုက်သည်။ ထိုလူပြောသော စကားများ ကို ဆက်လက်နားထောင်နေဆဲမှာ ဆီမွန်ဒီဗူးဗွား၏ Very Easy Death ကို သတိရလိုက်သည်။ ထိုလူ ထိုအကြောင်း တွေ ရှင်းနေ တာထက် ဆီမွန်ဒီဗူးဗွား ၏ ဖဲရီးအီးဇီးဒက် ဖန်တီးမှု ကို ပိုပြီးသဘောကျနေသည်။ ထိုသို့ တွေ းတော နေဆဲမှာ ပင် လူအုပ်ထဲမှ လူ တစ်ယောက် ဒေါသတကြီးပြေးဝင်လာပြီး ...

"ဒီမှာ ကိုယ့်လူ ခင်ဗျားဘာတွေ ပဲပြောပြော ခင်ဗျားဘယ်ဝါဒ တင်ပြတင်ပြ ခင်ဗျားတင်ပြလာတဲ့ဝါဒဟာ အဟောင်း ဖြစ်တယ်လို့ ကျုပ်ပြောတယ်။ ကျုပ်ပြောတာမှာ းတယ်လို့ ဘယ်သူငြင်းမလဲ။ ငြင်းချင်ရင် ကျုပ်လက်ထဲ ရှိတာနဲ့ ခင်ဗျားတို့ကို ကိုင်ပေါက်ပစ်လိုက်မယ်"

ထိုလူ့စကားကြောင့် လူအုပ်ထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ လူ တစ်ယောက် ၏ လှမ်းအော်လိုက်သံ ကိုလည် ကြားလိုက်ရသည်။

"ဟေ့ လူတွေ နောက်ဆုတ်နေကြ နောက်ဆုတ်ကြ။ ဒီလူတကယ်လုပ်မယ့် လူဗျ။ သူ့လက်ထဲမှာ ပိဋကတ် ကျောက်စာကြွဲကြီးကို ကိုင်ထားတာတွေ ့လား"

"ဒီလူ ဟာကျုလီလား"

“မဟုတ်ဘူးဗျ ဘုန်းကြီးလူထွက် ဖြစ်နိုင်တယ်။ သူပြောတာတော့ အားလုံးသိတာပေါ့ဗျာ။ သူ တစ်ယောက် ထဲ သိတာမှမဟုတ်တာ ဒါတွေ သိနေရင် ဘာလို့ ဒီမဟုတ်တဲ့ကိစ္စတွေ ဝင်လုပ်နေရတာ လဲ။ ဘဝရဲ့ လွတ်မြောက်လမ်း ကို သွားပါလား။ ဒီလူဟာ ဝိပဿ  နာလမ်းနဲ့ အဂ္ဂိယလမ်း မှာ းလာတယ်နဲ့တူတယ်ဗျ”

ထိုလူများ ပြောစကားကြောင့် သူလည်းကြောက်လန့်တကြားနောက်ကို ဆုတ်လိုက်သည်။ ထိုလူ ကိုင်ထား သော လက်နက်ကိုလည်းအံ့ဩစွာ ေးကြည့်နေမိသည်။ ဒါဟာ အေးမြတဲ့စွည်းပါ။ ဒီလူ ဒီပစ္စည်းကြီး ကိုင်ပြီး ဘာကြောင့် ဒေါသသိပ်ကြီးနေပါလိမ့်။ အေးလေ လောကမှာ ဗုဒ္ဓတရားလက်ကိုင်ထားပြီး ဒေါသများများ ကြီးတဲ့၊ အာဃာတများများ ပွားတဲ့လူတွေ အများ ကြီးရှိနေတဲ့ဟာ၊ ဒီနေရာသည်လည်း သူ့အဖို့ကောင်းသော နေရာ မဟုတ် သည့်အတွက်စိတ်ပျက်အားလျော့စွာ သည်နေရာမှ သူလှည့်ထွက်လာခဲ့ပြန်သည်။

ယခုအခါမှာ တော့ ပတ်ဝန်းကျင်၌ အလင်းရောင် မှု န်မှု န်မှိုင်းမှိုင်း ကသာကျန်ရစ်တော့သည်။ သူ့အဖို့ ရှေ့ကို ခရီးဆက်ဖို့ မသေချာလှ။ အဝေးအကြည့်မှာ လှပသန့်စင်သယောင် ထင်ရသော သည်နယ်ပယ်၌ အနီးကြည့်မှ ကောက်ကျစ်စဉ်းလဲမှု ၊ ဖေါက်ပြန်ပျက်စီးမှု များ ဖြင့်ရှုံ့ရှာဖွယ်အ ဖြစ်ကို သူမြင်ရသော အခါ သူ့ရင်မှာ ဝမ်းနည်း နာကျည်းမှု ဖြစ်၍ လာသည်။

“အမျိုး သမီးတွေ ဟာ ကျုပ်တို့ အမေတွေ ကျုပ်တို့ နမတွေ ဗျ။ ခင်နှင်းယုတို့၊ မစန္ဒာတို့၊ မိုးမိုး (အင်လျား) တို့ စတဲ့ အမျိုး သမီးတွေ ဟာ ကျုပ်အမေ ကျုပ်နမတွေ ပါ။ ကျုပ်တို့ဒါကို နားလည်ပြီးသား။ ဒါပေမယ့် အခုခင်ဗျားတို့ လုပ်နေတာတွေ က မဟုတ်ဘူး။ အမျိုး သားကလောင်ဆိုရင် မကောင်းဘူး။ အမျိုး သမီးကလောင်ဆိုရင် ကောင်းတယ်။ဟုတ်လား။ (မောင့်ဆီမှာ ကျွန်မအနှစ်သက် ဆုံး ကတော့မောင့်ကို ကိုယ်သင်းနံ့ လေးပဲ ဖြစ်သည်။ ဘယ်လို အနံ့လေးလည်းမသိ) ဆိုတာတွေ ကို ခင်ဗျားတို့ သဘောကျနေတယ် ဟုတ်လား။ မိန်းကလေးတွေ ရဲ့ အံ့ပုန်းကိစ္စ တွေ အကြောင်းဖွင့် ရေး ပြနေတာကို ခင်ဗျားတို့ အရသာတွေ ့နေရတယ်မဟုတ်လား။ ခင်ဗျားတို့ ဘာ ဖြစ် နေတယ် ဆိုတာ ကျုပ်စဉ်းစားမရဘူး”

စိတ်ပျက်ရတဲ့ကြားက အဝေးဆီမှ လှမ်းအော်လိုက်သော သေဆုံးခါနီး လူနာ

တစ်ယောက် ၏ နောက်ဆုံး ငြီးသံလို မချိမဆန့် အသံတစ်သံကြောင့် သူ့နားကိုတင်းကြပ်စွာ ပိတ်ရင်း ထိုနေရာမှ အပြေးအလွှား ထွက်ခွာလာခဲ့တော့သည်။

ယခုအခါမှာ တော့ ထိုလူများ နှင့် ဝေးရာသို့ သူတဖြည်းဖြည်းရောက်ခဲ့ပေပြီ။ အလင်းရောင် ပျောက်ကွယ်၍ အမှော င်ထုများ လည်း ပို၍ ပို၍ ပိကျလာသည်။ သူမျှော်လင့်ခဲ့သည့်အရာအားလုံးမှာ လည်း ကြေမွပျက်စီးခဲ့ပြီ။

သည်လူတွေ ဟာ လူထုကို ပညာပေးရမဲ့အစား (အနည်းဆုံးအနုပညာ) ပေးရမဲ့အစားလူထုဆီက လက်ခုတ် သံကို သူတောင်းစားလို ဇတ်မွတ်တောင်းခံရင်း ရိုးသားမှု ကိုရောင်းစားနေကြောင်းသူသိလိုက်ပြီ။

မိန်းမတွေ ကလည်း အရှက်ကမ်းကုန်နေပြီး အုံ့ပုန်ကိစ္စတွေ ကို ဖွင့်ဟရေး ချကြ။ ယောက်ျားတွေ ကလည်း ခံတွင်းတွေ ့ကြ။ တပည့်မွေးချင်သူ၊ ဆရာကြီးလုပ်ချင်သူတွေ ကလည်း မြှောက်ပင့် ကော်ရော်ကြ။ ဒါကိုပဲ ဆန်းသစ် မှု ဟု ပြောကြ။ သည်လောကကြီးကို သူရှက်လာသည်။ သည်လောကကြီးမှ လူများ သည် မြင့်မြတ်သော လူများ မ ဖြစ်လင့်ကစား ရိုးသားလူများ ဖြစ်လိမ့်မည် ဟု မျှော်လင့်ထားချက်များ လည်း သဲထဲရေသွန်သလို ဖြစ်သွား သည်။

အနောက်ဘက်သည် မှုံဝါးဝေးလွင့် ကျန်ရစ်ခဲ့ပြီ ဖြစ်သည့်တိုင် ထိုလူများ နှင့် ဝေးရာ အနောက်ဘက်သို့ ပင် သူပြန်၍ လျှောက်လာခဲ့တော့သည်။ တစ်တောပြီးတစ်တော တစ်တောင်ပြီးတစ်တောင် ဖြတ်ကျော်ရင်း ...

“မင်းဒီလိုထွက်ပြေးလို့လဲ လွတ်မယ်အောက်မေ့လို့လား”

အနောက်ဖက်ကအသံများ ကြောင့် သူခြေလှမ်းများ တုံ့သွားခဲ့သည်။ အသံလာရာ အနောက်ဖက်သို့ လှည့်ကြည့်လိုက်သည့်အခါ စောစောကလူများ က သူ့နောက်သို့ လိုက်လာကြသည်ကို တွေ ့ရသည်။ သည်လူတွေ နှင့် ဝေးရာကိုပြေးလာကာမှ သည်လူတွေ က လိုက်လာကြသည့်အတွက် သူအံ့ဩတုန်လှုပ်သွားခဲ့သည်။ ပိဋကတ် ကျောက်စာပဲ့ကြီး မထားသူက သူ့ကိုပေါက်မည် တကဲကဲ လုပ်နေသော ကြောင့် သူ့စိတ်မှာ

ပို၍ ကြောက်ရွံ့ လာခဲ့သည်။

“မျက်မမြင် ပုဏ္ဏား ခြောက်ယောက် ကို မင်းသိတယ်မဟုတ်လား၊ အေးပုဏ္ဏားသားတွေ သေတဲ့အခါ ဒီခေတ်မှာ စာရေး ဆရာတွေ ဖြစ်လာတယ်ကွ။ ဒီတော့ သူတို့ဟာ သူ့အဖေပုဏ္ဏားတွေ လိုပဲ ပြောကြတာ။ အုံ့ပုံးကိစ္စ တွေ ချရေး တာ၊ မရိုးသားတာ၊ သူများ ခြေရာနင်းတာ၊ သူများ ဖိနပ်ဝါးတာ၊ ဒါဆန်းသလားကွ။ မင်းနဲ့ဘာဆိုလဲ။ အေး အဲဒီ ပုဏ္ဏားသားတွေ ထဲမှာ မင်းလည်းပါတယ်။ ကိုယ်တိုင်ပုဏ္ဏားသား ဖြစ်ပြီး တစ်ကိုယ်ကောင်း ဆန်ဆန်လစ်ပြေးလို့ တော့ ရမလားကွာ”

ရှေ့ဆုံးမှ လူဝကြီးက၊ သူ့ကို ပြောလိုက်ခြင်း ဖြစ်သည်။ နောက်မှ လူများ ကလည်း ဒေါသကြီးစွာ ၊ သူ့ကို ရိုက်ချင်နေကြသည်။

“ဒီကောင့်ကို မော်ဒန်နည်းနဲ့ သတ်မယ်”

မော်ဒန်သမား တစ်ယောက် ကရှေ့သို့ တိုးလာသည်။ အခြား တစ်ယောက် က သူ့လက်ကိုလှမ်းဆွဲလိုက်ပြီး၊

“ဒီကောင့်ကို သရုပ်မှန်နည်းနဲ့ ဆော်မယ်ကွ” ဟုဆိုသည်။ ပိဋကတ်ကျောက်စာပဲ့ကြီး ကိုင်ထားသူလည်း အခွင့်အရေး ရလျှင် ရသလို၊ သူ့ကိုဝင်ဆော်ချင်နေသည်။

ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်မှာ ပင်၊ ထိုလူအုပ်စုထဲမှ ကဗျာသမား တစ်ယောက် ထွက်လာပြီး ...

“ရှုပ်တယ်ကွာ ဒီကောင့်ကို ဒီလိုဆော်တာပဲကောင်းတယ်” ဟုပြောခါ အရက်ပုလင်းနှင့် ခေါင်းကို ရိုက်ချလိုက်သည်။

ခွမ်းခနဲ ဟူသော အသံနှင့် အတူ၊ သူ့မျက်လုံးထဲ၌ ကြယ်ရောင် လရောင် များ ၊ ဝင်းလက်တောက်ပကာ မြေပြင် ပေါ်သို့ လဲကျသွားသည်။ သည့်နောက်မှာ တော့ လေးလံသော အရာကြီးတစ်ခု၊ သူ့ပေါ်သို့ ပိကျလာကာ မြင်ကွင်းမှ

အားလုံးပျောက်ကွယ်သွားတော့သည်။

သူနောက်ဆုံး သိလိုက်ရသည်က သူကိုယ်တိုင် ပုဏ္ဏားသား ဟုတ် မဟုတ် စဉ်းစားချိန်မရလိုက်ခြင်းပင် ဖြစ်ပေသည်။

မောင်ကျော်သာ (ပဲခူး)

♥ ♥ ♥